# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အလျှုဒါနကို ဝမ်းမြောက်နိုင်၏

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်    ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ တနင်္လာနေ့    အတွဲ (၆၁)၊ အမှတ် (၀၉၅)


## သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ် ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**



ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်ရိုးရာဖားစည်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားတိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ကရင်ရိုးရာဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၃* ❂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား MRTV မှ တိုက်ရိုက် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေး နေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကို ဇန်နဝါရီလ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနား ကျင်းပ ပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ MITV၊ Chan-nel 7၊ Channel 9၊ 5 Plus၊ Skynet (တိုင်းရင်း သားအစီအစဉ်)နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM ၊ ချယ်ရီ FM ၊ မန္တလေး FM ၊ ပဒ္မဝတီ FM၊ ရွှေ FM တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV Facebook Page မှလည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## လွတ်လပ်ရေး၏ တန်ဖိုး

**(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး**

ဆောင်းပါး စာ - ၆

မြန်မာ့အလင်း

# လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံ၏ ဂုဏ်ကျက်သရေ

အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက် (အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်) တနင်္ဂနွေနေ့ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအခါ၌ ဤငါတို့မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ရောက်ပြီဟူ၍ နိဒါန်းချီသော လွတ်လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ကျူးရင့်ကာ ၂၀ ရာစု၏ ခေတ်သစ်ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ရောက်ခဲ့သည်မှာ ကာလအားဖြင့် ၇၄ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဟူသည့် ဥပမိရုပ်ပြည့်စုံစေရန်မှာ (၁) ပိုင်နက်နယ်မြေ၊ (၂) နိုင်ငံသားပြည်သူလူထု၊ (၃) အုပ်ချုပ်သူအစိုးရ၊ (၄) အချုပ်အခြာအာဏာပိုင်စိုးမှု ဟူသော အင်္ဂါလေးရပ် လိုအပ်သည်ဟူ၍ သတ်မှတ်ထားကြသည်။ အင်္ဂါလေးရပ်အနက် တစ်ခုခုချို့ယွင်းမပြည့်စုံပါက နိုင်ငံဟူ၍ ဆိုနိုင်တော့မည် မဟုတ်ပေ။ လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံသည် သူတစ်ပါးလက်အောက်ခံ။ အုပ်ချုပ်သူက တိုင်းတစ်ပါးအစိုးရ။ အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် မိမိနိုင်ငံ၊ မိမိလူမျိုးတို့လက်ဝယ်တွင်မရှိ။ နိုင်ငံ၏ ရေမြေနှင့် သဘာဝသယံဇာတများကို နယ်ချဲ့တို့က ထုတ်ယူကာ ရရှိလာသည့်အကျိုးအမြတ်များကလည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့အတွက် မဟုတ်ခဲ့။ အရင်းရှင်စနစ်ဟုဆိုသော်လည်း ကိုလိုနီနယ်ချဲ့တို့၏ အရင်းရှင်စနစ်အောက်တွင် ဌာနေမြန်မာတိုင်းရင်းသားအရင်းရှင်ငယ်တို့မှာ နိုင်ငံခြားအရင်းရှင်ကြီးများ၏ လက်ဝါးကြီးအုပ်မှုကို မယှဉ်နိုင်သလို အစိုးရတာဝန်ထမ်းဆောင်ရာတွင်လည်း အဆင့်မြင့်ရာထူးများကို မျှော်မှန်းနိုင်ခြင်းမရှိဘဲ စာရေးစာချီအဆင့်မျှသာ ကျေနပ်ကြရသည်။ အရင်းရှင်နယ်ချဲ့လက်အောက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်မှ ဖိနှိပ်ခံခဲ့ရသမျှကို လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်သည့်အခါ နယ်ချဲ့အင်ပါယာအတွင်း ဓနသဟာယအဖွဲ့ဝင်အဖြစ်ပင် နေလိုခြင်းမရှိတော့သည့်အတွက် လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် ဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်ပါဝင်မည်ဆိုပါက မြန်မာနိုင်ငံကို တောင်ပေါ်နှင့် မြေပြန့်အဖြစ် နှစ်ပိုင်းခွဲခြားမည့်အန္တရာယ်ကို မြင်တွေ့ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

တစ်ချိန်က ကမ္ဘာ့နိုင်ငံများစွာ(ကမ္ဘာမြေပြင်၏ ၇၅ ရာခိုင်နှုန်းကျော်)ကို ကျူးကျော်ကျွန်ပြုခဲ့ကြသည့် နယ်ချဲ့နိုင်ငံများက မျက်မှောက်ကာလတွင်လည်း ကမ္ဘာ့နိုင်ငံများကို လွှမ်းမိုးခြယ်လှယ်၍ ကမ္ဘာ့အစီအစဉ်ကို ၎င်းတို့စိတ်တိုင်းကျရေးဆွဲနေကြရာ ခေတ်သစ်ကိုလိုနီဝါဒကို ပုံဖော်နေကြခြင်းပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် လက်လွှတ်လိုက်ရသော တစ်ချိန်က ၎င်းတို့ကျွန်ပြုခဲ့သည့်နိုင်ငံများ၏ လွတ်လပ်ရေးကို တစ်နည်းနည်းဖြင့် ဖျက်ဆီးကာ ပြန်လည်ချုပ်ကိုင်စိုးမိုးနိုင်ရေးအတွက် စွက်ဖက်နေကြခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစကာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများတွင် ပြည်ပစွက်ဖက်မှုများ နောက်ကွယ်မှပါလေ့ရှိပြီး ခေတ်အဆက်ဆက်က အစိုးရများကို ဆန့်ကျင်သည့် နိုင်ငံရေးလှုပ်ရှားမှုများတွင်လည်း နောက်ကွယ်မှ အရိပ်သဖွယ် ပါဝင်နေသည်တို့ကို တွေ့ရသည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံတစ်ခုသည် ၎င်းတို့စိတ်တိုင်းကျ ကြိုးကိုင်ခြယ်လှယ်နိုင်သည့်နိုင်ငံမဟုတ်ပါက နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ ပြည်တွင်းပဋိပက္ခများ၊ တိုက်ပွဲများဖြင့် သံသရာလည်ကာ ဆင်းရဲမွဲတေပြီး နွမ်းပါးနိမ့်ကျသည့် နိုင်ငံဘဝရောက်အောင် လုပ်ကြံဖန်တီးခံရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်းက မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ဗဟိုပြုကာ အားပြိုင်လှုပ်ရှားနေကြသော နိုင်ငံတကာအခင်းအကျင်းကို တွေ့မြင်ကြရမည်ဖြစ်သည်။ အားပြိုင်မှုဟုဆိုသည့်အတိုင်း အင်အားကသာ အဓိကအဆုံးအဖြတ်ဖြစ်ရာ နိုင်ငံတိုင်းက မိမိတို့၏အင်အားတို့ကို တည်ဆောက်ကြရသည်။ နိုင်ငံအင်အားဟူသည် ပြည်တွင်းမှာသာရှိပြီး အစိုးရနှင့် ပြည်သူအကြား၊ ပြည်သူအချင်းချင်းအကြားတွင် စည်းလုံးညီညွတ်မှုတည်ဆောက်ခြင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ခြင်း၊ နိုင်ငံ့ကာကွယ်ရေးစွမ်းအား မြှင့်တင်ဖြည့်ဆည်းခြင်းတို့ဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ၏ ဂုဏ်ကျက်သရေကို လင်းလက်တောက်ပနိုင်ပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၂**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့မှာ တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဌေးရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀)အချိန်မှ (၀၈၀၀)အချိန်အထိ ခေတ္တလမ်းပိတ် / လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြု သွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဌေးရိပ်သာမီးပွိုင့်မှ တော်ဝင် ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တံဆိပ်ခေါင်းသစ် သုံးမျိုး ရောင်းချမည်

**နေပြည်တော် ဇန်နဝါရီ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးကို **၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၃ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည် ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇန်နဝါရီ** ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လွတ်လပ်ရေးနေ့အကြောင်း သိမှတ်ဖွယ်ရာများ လက်ကမ်းစာစောင်ဖြန့်ဝေ

**သီပေါ ဇန်နဝါရီ ၂**

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သိမှတ်ဖွယ်ရာ



လက်ကမ်းစာစောင်များကို အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များသို့ ကွင်းဆင်းဖြန့်ဝေပေးသည်။ **(အောက်ဝဲပုံ)**

အဆိုပါလက်ကမ်းစာစောင်များတွင် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်၊ ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းများ၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် ပထမဦးဆုံးအဖြစ် လွတ်လပ်ရေးနေ့တွင် ပြောကြားခဲ့သည့် ဝန်ကြီးချုပ် ဦးနု မိန့်ခွန်းများ၊ မြန်မာ့လွတ်လပ်ရေးကာလတစ်လျှောက် ချုပ်ဆိုခဲ့သောစာချုပ်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ခြောက်လပြည့် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသော မိန့်ခွန်းများနှင့် "တို့များဆင်မြန်း လွတ်လပ်ပန်း"ကဗျာ၊ ကာတွန်း၊ ဆောင်ပုဒ်များဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည့် လက်ကမ်းစာစောင်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောက်ျား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများ ပြည့်ဝနိုင်ရန် အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။

**[ဗိုလ်ချုပ်အောင်ဆန်း ၂၀-၁-၁၉၄၆ ရက်နေ့ ရွှေတိဂုံဘုရား အလယ်ပစ္စယံညီလာခံ၌ ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]**



ရွှေတိဂုံဘုရားနှင့် ကရဝိက်ခန်းမ ဓာတ်ပုံ - ပြန်/ဆက်

# အဝတ်အထည်များကို သုံးစွဲသူများအား ဆွဲဆောင်မှုရှိမည့် အရောင်အဆင်း၊ ဒီဇိုင်းများဖြစ်အောင် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပလိပ်မြို့ရှိ ချည်မျှင်နှင့်အထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထွက်ကုန်ကြမ်းများကို အသုံးပြု၍ စက်ရုံများ လည်ပတ်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုများ ဖူလုံနိုင်သည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိခြင်း၊ ပြည်ပသွင်းကုန်အစားထိုးဖြစ်၍ နိုင်ငံခြား ငွေသုံးစွဲရမှု လျော့နည်းသက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျှင် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ ချည်မျှင်ထုတ်လုပ်သည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျှင် အဝတ်အထည်ကဏ္ဍတွင် ပါဝင်ပတ်သက်သူများအားလုံး အလုပ်အကိုင်ရရှိပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ ချည်မျှင်စက်ရုံများအတွက် ဝါကုန်ကြမ်းများ ပြည့်စုံလုံလောက်အောင် ရရှိရေးအတွက် ဝါစိုက်တောင်သူများသို့ အထွက်နှုန်းကောင်းမွန်သည့် ဝါမျိုးစေ့များ ဖြန့်ဝေ၍ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေး အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ချည်မျှင်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ချည်မျှင်ထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက္ကူစက်ရုံ(ပလိပ်)သို့ရောက်ရှိပြီး စက်ရုံ၌ ရှိပြီးဖြစ်သည့် နည်းပညာနှင့် အတတ်ပညာများ မပျောက်ပျက်စေရေး ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးရန်မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(ဓါတ်ပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ အမှတ်(၇) အထည်စက်ရုံခွဲ (ဝမ်းတွင်း)သို့ ရောက်ရှိကြကာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းတို့မှ အမှာစာများ တိုးတက်ရရှိရေး ကြိုးစားဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များကို Business Plan ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန်၊ အဝတ်အထည်များကို သုံးစွဲသူများအား ဆွဲဆောင်မှုရှိမည့် အရောင်အဆင်း၊ ဒီဇိုင်းများဖြစ်အောင် ဆောင်ရွက်ရန်၊ ဈေးကွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ပြုလုပ်ရန် မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့ရှိ အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း)အတွင်း၌ စက်ရုံရှိ ဝန်ထမ်းများက ထုတ်ကုန်အမယ်သစ် ထုတ်လုပ်နိုင်ရေးအတွက် စမ်းသပ်လည်ပတ်လျက်ရှိသည့် ရက်ကန်းစက်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကော့ကရိတ်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကော့ကရိတ် ဇန်နဝါရီ ၂**

ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားနှင့် ကရင်ရိုးရာကောက်သစ်စားပွဲကို ယနေ့ နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ် (၁)ရပ်ကွက် ချောင်းတောင်ရပ် ဖီဗူးယော်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို အဆိုပါကွင်း၌ ကျင်းပရာ ကျွဲချိုမှုတ်၍ ဖားစည်တီးကာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ကရင်အမျိုးသား အလံတော်ကို လွှင့်တင်ပေးရာ တက်ရောက်လာသူများက အလေးပြုကြသည်။ ထို့နောက် တက်ရောက်လာသူများက ကရင်ဘာသာဖြင့် စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပါယ်ရသော (အောဟုအောဟောင်) သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး သဘာပတိ ဦးကျော်ဝင်းက နှစ်သစ်ကူး မင်္ဂလာနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ဖတ်ကြားသည်။



ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားကျင်းပစဉ်။

ထို့နောက် ကရင်ရိုးရာကောက်သစ်စားပွဲနှင့် ဖီဗူးယော်ပူဇော်ပွဲကို ကရင်လူမျိုးတို့၏ ရှေးခေတ်ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညပိုင်းတွင် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဒုံးယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။

**စောအောင်မျိုးလွင် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဦးတရားအလှူတော် ဓမ္မပူဇာ ပထမနေ့တရားပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်ဦးတရားအလှူတော်ဓမ္မပူဇာ ပထမနေ့တရားပွဲကို ဇန်နဝါရီ ၁ ရက် ညပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဓမ္မပူဇာတရားပွဲ ပထမနေ့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဗန်းမော်ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ကြွရောက်တော်မူပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နှစ်ဦးတရားအလှူတော်မင်္ဂလာ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆရာတော်ဟောကြားတော်မူသည့် ရတနာ့သုတ်တရားတော်များကို နာယူကြသည်။ **(ယာပုံ)**

ထို့နောက် ဆရာတော်ကြီး၏ ဓမ္မပူဇာတရားအလှူတော်ငွေများကို ဝန်ကြီးချုပ်က တိုင်းဒေသကြီး သာသနာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

နှစ်ဦးတရားပွဲကို ဇန်နဝါရီ ၁ ရက်တွင် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဇန်နဝါရီ ၂ ရက်တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ဇန်နဝါရီ ၃ ရက်တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသတို့က နှစ်ဦးတရားတော်များကို ညစဉ် ၇ နာရီတွင် ဟောပြောမည်ဖြစ်ပြီး SKYNET ရုပ်သံလိုင်း၊ BUD-



DHA Channel နှင့် မဟာဗောဓိရုပ်သံလိုင်းများမှ LIVE ထုတ်လွှင့်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များမှ နေ့သင်တန်းများ ပြန်လည်ဖွင့်လှစ်မည့်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကြေညာချက်

**တက္ကသိုလ်နေ့သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**(၁) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | ဒုတိယနှစ်သင်တန်း | ၃-၂-၂၀၂၂ |
| (ဂ) | ပထမနှစ်သင်တန်း | ၃-၂-၂၀၂၂ |

**(၂) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | မဟာတန်းဒုတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ဂ) | မဟာတန်းပထမနှစ်သင်တန်း | ၆-၁-၂၀၂၂ |

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## မြန်အောင်မြို့နယ် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေ

**မြန်အောင် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ နွေစပါးနှင့်အခြားသီးနှံ လျာထားဧက ၅၀၀ စိုက်ပျိုးနိုင်ရန် ဇန်နဝါရီ ၁ ရက်မှစ၍ ရေပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ကန်ဇွန်းခုံကျေးရွာအုပ်စု၊ ဝက်တိုးကျေးရွာအုပ်စုနှင့် ကနောင်အမှတ်(၅)ရပ်ကွက်တို့ရှိ နွေစပါး လျာထား ဧက ၃၀၀ နှင့် အခြားသီးနှံလျာထား ဧက ၂၀၀ စိုက်ပျိုးနိုင်ရန် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေပေးသွားမည့် နွေစပါးနှင့် အခြားသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ နွေနှမ်းစသည့် သီးနှံများစိုက်ပျိုးနိုင်ရန် ရေအသုံးချမည့် တောင်သူများ ရေအပြည့်အဝရရှိပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်အတွက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိကြောင်း မြန်အောင်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်မင်းအောင်ထံမှ သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြု သင်တန်း (၃/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား (၁၀-၁-၂၀၂၂)ရက်နေ့မှ (၁၈-၂-၂၀၂၂) ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊
  ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ကရင်အမျိုးသားနေ့ နှစ်သစ်ကူးပွဲတော်တက်ရောက်

မြိတ် ဇန်နဝါရီ ၂

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနေ့ နှစ်သစ်ကူးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ရေပုန်းရပ်ရှိ မြိတ်ကက်သလစ် ခရစ်ယာန်ပရဟိတဂေဟာ၌ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ကရင်သက္ကရာဇ်(၂၇၆၁)ခုနှစ် ရှိခဲ့ပြီဖြစ်သည့် ကရင်အမျိုးသားနေ့ နှစ်သစ်ကူးပွဲတော်ကို မြိတ်ကက်သလစ် ခရစ်ယာန်ပရဟိတဂေဟာမှ ကျောင်းသား ကျောင်းသူများက နှစ်သစ်ကူးအဖွင့်သီချင်းနှင့် ပဝ-သာယာကုန်းဒုံးယိမ်းအဖွဲ့က ကရင်ဒုံးယိမ်းအကတို့ဖြင့် သီဆိုကပြ၍ ဖွင့်လှစ်ခဲ့ကြပြီး သဘာပတိ မော်လမြိုင် ကက်သလစ်သာသနာပိုင်ဂိုဏ်းအုပ်ဆရာတော် ဘစ်ရှော့ရေမွန် စောဖိုးရေက နှစ်သစ်ကူး အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို က ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် ကရင်အမျိုးသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သော သမိုင်းဝင်နေ့လည်းဖြစ်ပြီး ထိုနေ့ကို ကရင်တစ်မျိုးသားလုံး၏ မိဘဘိုးဘေးတို့ထံမှ လက်ဆင့်ကမ်းပေးခဲ့သည့် တစ်ခုတည်းသော အမွေအနှစ် နေ့ကြီးရက်မြတ်အဖြစ် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြား၍ ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီ (ဗဟို)ရန်ကုန်က ပေးပို့သည့်သဝဏ်လွှာကို နော်စိုးအိအိဇော်က ဖတ်ကြားသည်။ ကရင်နှစ်သစ်ကူးပွဲတော်တွင် ကရင်နှစ်သစ်ကူးပွဲတော်သမိုင်း မှတ်တမ်းအား ဖတ်ကြားခြင်းနှင့် ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေခြင်းဖြင့် ၂၀၂၂ ခုနှစ် ကရင်အမျိုးသားနေ့နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ကျင်းပခဲ့သည်။

ခိုင်ထူး (မြိတ် ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အဖွဲ့ဝင်များ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ရိုးရာပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

❂ ရှေ့ဖုံးမှ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သည့် ကရင်အမျိုးသားနှစ်သစ်ကူးသဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး မန်းစောလင်းခယ်က ဖတ်ကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဘဒ္ဒန္တသုမနနှင့် ကက်သလစ်ဘုန်းတော်ကြီး Fr.Pius မန်းသပ္ပိတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ရိုးရာပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

ဘားအံ ဇန်နဝါရီ ၂

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ကရင်အမျိုးသား အလံတင်အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီခန့်က ဘားအံမြို့ သီရိအားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် ကရင်အမျိုးသား သီချင်းကို စုပေါင်းသီဆို၍ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ကရင်အမျိုးသားအလံကို တိုင်ထိပ်သို့ လွှင့်ထူပေးပြီး အလေးပြုကြသည်။ ဆက်လက်၍ အခမ်းအနားမှူးက ကရင်အမျိုးသားအလံတော်သမိုင်းကို ဖတ်ကြားသည်။

ယင်းနောက် နံနက် ၇ နာရီခန့်တွင် ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ကရင်ရိုးရာကျွဲချိုမှုတ်၍ ဖားစည်တီးကာ ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်



ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုအားပေးစဉ်။

ကြီးများအား အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်နှစ်သစ်ကူးနေ့ သဝဏ်လွှာကို သဘာပတိ ဦးစောခင်မောင်မြင့်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ထံမှ ပေးပို့သော ကရင်နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစန်းကိုက ဖတ်ကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အနေဖြင့် ရရှိပြီးဖြစ်သည့် ငြိမ်းချမ်းရေးခရီးလမ်းကို ဆက်လက်လျှောက်လှမ်းရန် လိုအပ်သလို ပြည်ထောင်စုကြီး ပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် ကဏ္ဍာပေါင်းစုံအောင်မြင်စေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုကလည်း အလွန်အရေးပါကြောင်း၊ လူမျိုးတစ်မျိုးရဲ့ အဆင့်အတန်းဟာ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ထင်ဟပ်စေမည့် စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို မြင့်တင်ထိန်းသိမ်းတတ်မှသာ မိမိလူမျိုး၏ အဆင့်အတန်း ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း၊ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းကို ဗမာ၊ အရှေ့ပိုးကရင်၊ စကောဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုခံ အထင်ကရ သက်ကြီးကရင် အဘိုး အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို တက်ရောက်လာကြသူများက စည်လုံးခြင်းသည်အင်အားဟု အဓိပ္ပာယ်ရသော အောဟုအောပောင်ကရင်တေးသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ကရင်ရိုးရာ ဖီဗူးယော်ကောက်သစ်စားပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ကရင်အမျိုးသား အစည်းအရုံး(KNU)ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်၊ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန တာဝန်ခံ ဒေါက်တာမာတာ၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်– ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ ဂုဏ်ပြုခံ အထင်ကရသက်ကြီး ကရင် အဘိုးအဘွားများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငြိမ်းချမ်းရေးချိုးငှက်များ ဘေးမဲ့လွှတ်၍ ဖီဗူးယော်ဆုတောင်းတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ကရင်အဘိုးအဘွားများနှင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဖီဗူးယော်(ခေါ်)စပါးစောင့် နတ်သမီးအား ရွတ်ဖတ်ပူဇော်၍ ဖိတ်ခေါ်ပင့်ဆောင်ပြီး တိုင်းရင်းသားပြည်သူများက ကောက်သစ်စားပွဲကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ကရင်စာပေနှင့် ယဉ်ကျေးမှုပြခန်း၊ ဌာနဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

(၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေး၏ တန်ဖိုး

သုတေသီ(သမိုင်း)

**မြန်မာနိုင်ငံ၏သမိုင်းကြောင်းသည် ရှည်လျားလှပြီး နှစ်ပေါင်းထောင်ချီ တည်တံ့ကြာမြင့်ခဲ့ပြီဖြစ်သည်။ နှစ်ပေါင်းထောင်ချီရှိသော သမိုင်းကြောင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် ယဉ်ကျေးမှုထွန်းကားလာသည်အထိ သမိုင်းခြေရာကောက်၍ ရနေပေပြီ။**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက တူးဖော်ခဲ့၍ အကြိုသမိုင်းခေတ်သာမက မြို့ပြယဉ်ကျေးမှုသမိုင်းခေတ်အထိ မိမိတို့၏ ဘိုးဘွားများအကြောင်း သိခွင့်ရရှိနေပြီဖြစ်သည်။ အသေးငယ်ဆုံး မိသားစုစနစ်မှသည် နိုင်ငံတော်ကြီးထူထောင်ပြီး ဝင့်ဝင့်ကြွားကြွား နေထိုင်နိုင်လာသည်အထိကို သမိုင်းလမ်းကြောင်း တစ်ဖြောင့်တစ်တန်းတည်း မြင်နေရပြီဖြစ်သည်။



တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး မြန်မာဘုရင်သီပေါမင်းအား နယ်ချဲ့အင်္ဂလိပ်တို့က အိန္ဒိယပြည်သို့ ခေါ်ဆောင်သည့် သရုပ်ဖော်ပန်းချီ။

**“ဆုံးရှုံးသွားခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် တိုင်းရင်းသားပြည်သူအပေါင်းက ကြိုးပမ်းရသည်မှာ နှစ်ပေါင်းတစ်ရာကျော် ကြာမြင့်ပေသည်။ ထိုသို့ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းရသည့်အခါတွင်မူ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စတေးရသည်၊ ရင်းနှီးရသည်။ အလွယ်တကူနှင့် ပြန်လည်ရနိုင်သည် မဟုတ်ပေ”**

### မြန်မာ့သမိုင်းကြောင်း

မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် နောက် ဘီစီ ၂ ရာစုတွင် မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည်။ မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည်များအနက် သရေခေတ္တရာ ပျူမြို့ဟောင်းသည် ပထမဆုံးသော လက်နက်နိုင်ငံတော်ဟု အသိအမှတ်ပြုရမည်ဖြစ်သည်။ ကွယ်လွန်သွားခဲ့ပြီဖြစ်သော သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက သရေခေတ္တရာကို ပထမမြန်မာနိုင်ငံတော်အဖြစ် အသိအမှတ်ပြု တင်ပြခဲ့ပေသည်။ ဤသည်မှာ မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီကပင် နယ်နိမိတ်ရှိသော ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားတို့ဖြင့် နေထိုင်လာခဲ့ကြခြင်းကို ပြသနေပေသည်။

သမိုင်းပညာရှင်အချို့က သရေခေတ္တရာကို ပထမမြန်မာနိုင်ငံတော်အဖြစ် အသိအမှတ်ပြု တင်ပြခဲ့ကြသော်လည်း ယနေ့အချိန်အထိ အများက ပုဂံခေတ် အနိရုဒ္ဓမင်း(၁၀၄၄-၁၀၇၇) တည်ထောင်ခဲ့သော မြန်မာနိုင်ငံကို ပထမမြန်မာနိုင်ငံတော်ဟု တညီတညွတ်တည်း အသိအမှတ်ပြု လက်ခံကြသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် သမိုင်းအစမှာပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် စတင်ခဲ့ကြခြင်းဖြစ်သည်မှာ ထင်ရှားသောသမိုင်းပင် ဖြစ်သည်။ ပုဂံခေတ်ကုန်ဆုံးပြီးနောက် မြင်စိုင်း ပင်းယ စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ တောင်ငူ ဟံသာဝတီခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တိုင် အနိရုဒ္ဓမင်း စတင်ခဲ့သည့် ၁၀၄၄ ခုနှစ်မှ ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) ဘကြီးတော်မင်းလက်ထက် အင်္ဂလိပ်နှင့် ၁၈၂၄ ခုနှစ် ပထမစစ်ပွဲဖြစ်ပွားပြီး ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းခဲ့သည့် ၁၈၂၆ ခုနှစ်အထိ နှစ်ပေါင်း ၇၈၀ ကျော်အတွင်း ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်းဖြင့် ဝင့်ဝင့်ကြွားကြွား နေထိုင်လာခဲ့ကြသည်မှာ သမိုင်းအထင်အရှား ရှိပေသည်။

### ကျူးကျော်စစ်သုံးပွဲ

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်တွင် အင်္ဂလိပ်တို့သည် ပထမစစ်ပွဲဖန်တီးပြီး စစ်ပွဲကာလ နှစ်နှစ်အကြာ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် မြင်းခြံခရိုင် ရန္တပိုရွာ၌ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆို၍ မြန်မာနိုင်ငံ၏ ရခိုင်ဒေသနှင့် တနင်္သာရီဒေသကို သိမ်းပိုက်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို စတင်ထိပါးစော်ကားခြင်း ဖြစ်ပေသည်။ အင်္ဂလိပ်တို့သည် ပထမစစ်ပွဲနှင့်ပင် ရပ်မနေဘဲ ကုန်းဘောင်မင်းဆက် ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ် ဧပြီလ ၅ ရက်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားခဲ့သည်။ စစ်ပွဲဖြစ်ပွားပြီး ရှစ်လအတွင်း ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ကြောင်း ကြေညာခဲ့သည်။ ထိုမှစ၍ အောက်မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် မဟုတ်တော့ဘဲ ထီးသုဉ်းနန်းသုဉ်း ကြငှန်းသုဉ်း ဖြစ်ခဲ့ရလေသည်။ အင်္ဂလိပ်တို့သည် ထိုမျှနှင့်မရပ်ဘဲ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် အင်္ဂလိပ်တပ်များသည် မြန်မာ့နယ်စပ်ကို ဖြတ်ကျော်ကာ မန္တလေးသို့ ချီတက်လာခြင်းမှ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်တပ်များသည် ၁၄ ရက်အတွင်း မန္တလေး နေပြည်တော်ကို ချီတက်သိမ်းပိုက်၍ သီပေါမင်းကို နန်းချလိုက်ပြီး စစ်ပွဲ၏အဆုံးအဖြတ်ဖြင့်ပင် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့ လက်တွင်းသို့ ရောက်ရှိသွားခဲ့ရလေသည်။ ဤသို့ဖြင့် မြန်မာတစ်နိုင်ငံလုံး ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်းလျက် ရှေးမြန်မာ့အစဉ်အလာ အုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအခြေအနေတို့ အသွင်သစ်သို့ ကူးပြောင်းရောက်ရှိသွားခဲ့ရတော့သည်။

### အချုပ်အခြာအာဏာ ဆုံးရှုံးရခြင်း

အင်္ဂလိပ်တို့သည် ကျူးကျော်စစ် သုံးကြိမ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဘဝသို့ သွတ်သွင်းလိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားခဲ့ရလေသည်။ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားရပြီး သူ့ကျွန်ဘဝကို မနေလိုသည့် တိုင်းရင်းသားများ၏ ရင်တွင်းခံစားချက်ကို ဆီးဘန်နီဆရာတော်က-

“ကုန်းဘောင်နေမီး၊ မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရချေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏။”ဟူ၍ ကေပိုဒ်ရတု စပ်ဆိုခဲ့လေသည်။ ဤကေပိုဒ်ရတုကို ဖတ်ကြည့် ခံစားကြည့်ပါက အချုပ်အခြာအာဏာ ဆုံးရှုံးရခြင်းသည် မည်မျှကြေကွဲဝမ်းနည်းဖွယ်ကောင်းကာ အလွန်တရာ ခံပြင်းပြီး ယူကျုံးမရဖြစ်ခဲ့သည်ကို မြန်မာသမိုင်းတွင် အတိအလင်း မြင်နိုင်ပေသည်။

၁၈၈၅ ခုနှစ်တွင် လက်လွှတ်လိုက်ရသည့် လွတ်လပ်ရေးကို တိုင်းရင်းသားစည်းလုံး ညီညွတ်မှုအားဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် တွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးကို ပြန်လည်ရယူနိုင်ခဲ့ပေသည်။ လွတ်လပ်ရေးအရယူနိုင်ရန် ကြိုးပမ်းခဲ့သော အချိန်ကာလကိုကြည့်ပါက အင်္ဂလိပ်-မြန်မာ ပထမစစ် စတင်ဖြစ်ပွားခဲ့သည့် ၁၈၂၄ ခုနှစ်မှ စတင်ရေတွက်လျှင် နှစ်ပေါင်း ၁၂၀ ကျော် ကြာမြင့်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဘဝသို့ ကျရောက်ခဲ့သည့် ၁၈၈၅ ခုနှစ်မှ တွက်ကြည့်ပါက နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုသို့ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ရာ၌ အလွယ်တကူ ရရှိခဲ့ခြင်း မဟုတ်ဘဲ ခက်ခဲကြမ်းတမ်းပြီး ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ၊ သွေးချွေးများစွာရင်းနှီးပြီးမှ ရရှိလာခြင်းဖြစ်သည်။

ထို့ကြောင့် ရရှိပြီးသော လွတ်လပ်ရေးကို တန်ဖိုးထားရန် လိုအပ်ပေသည်။ လွတ်လပ်ရေး၏ အရသာကို လွတ်လပ်ရေးဆုံးရှုံးသည့်အခါတွင်မှ နားလည်သဘောပေါက်လေ့ရှိကြသည်။ ထိုသို့ နားလည်လာသောအခါ အချိန်နှောင်းခဲ့ပြီး နောင်တရမဆုံး ရှိတတ်ကြသည်။ ဥပမာအားဖြင့် လူတစ်ဦးတစ်ယောက်သည် ကျန်းမာနေစဉ် မိမိကိုယ်မိမိ အဟုတ်ကြီးမှတ်လျက် မည်သည့်အခါမှ မကျန်းမမာ မဖြစ်နိုင်ဟု တွေးထင်လျက်ရှိကြသည်။ ထို့ကြောင့် ကျန်းမာရေးချို့တဲ့မည့် အမှားများကို ကျူးလွန်လာတတ်ကြရာမှ မကျန်းမမာဖြစ်လာကြသည်။ ထိုအချိန်မှ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်လာကာ ကျန်းမာရေး၏ အရသာကို ပြန်လည်တောင့်တတတ်ပေသည်။ လွတ်လပ်ရေးသည်လည်း ထိုနည်းပင် ဖြစ်သည်။

### လွတ်လပ်ရေး၏ တန်ဖိုး

ခြုံ၍ကြည့်ရလျှင် မြန်မာတို့သည် ပုဂံခေတ် အနိရုဒ္ဓမင်းလက်ထက်မှ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးအထိ နှစ်ပေါင်း ၇၈၀ ကျော် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်လာခဲ့ကြသည်။ ထိုမှ ဒုတိယ၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲများ ဖြစ်ပွားပြီး မြန်မာနိုင်ငံသည် ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်းလျက် ကိုလိုနီဘဝ ရောက်ခဲ့ရသည်။ ထိုသို့ ကိုလိုနီဘဝသို့ ရောက်ရှိခဲ့ရသော အချိန်အတိုင်းအတာကို ကြည့်ပါက ပထမစစ်ပွဲသည် နှစ်နှစ်တာအတွင်းမှာပင် ရခိုင်နှင့်တနင်္သာရီကို သိမ်းပိုက်နိုင်ခဲ့သည်။ ဒုတိယစစ်ပွဲစတင်သည်မှ ရှစ်လအတွင်း အောက်မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့သည်။ တတိယစစ်ပွဲသည် ၁၄ ရက်သာ ကြာခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဘဝကျရောက်ခဲ့ရသည်။

မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လွတ်လပ်လပ် နေထိုင်ခဲ့ကြစဉ်က လွတ်လပ်ရေး၏အရသာကို သိနိုင်မည်မဟုတ်ချေ။ လွတ်လပ်ရေးဆုံးရှုံးသွားပြီး ထီးသုဉ်းနန်းသုဉ်း ကြငှန်းသုဉ်းတော့မှသာ လွတ်လပ်ရေးကို တောင့်တလာခဲ့ကြသည်။ လွတ်လပ်ရေး၏ တန်ဖိုးကို ဆုံးရှုံးသွားမှသာ တန်ဖိုးထားရကောင်းမှန်း သိလာတော့သည်။ ထိုသို့ တန်ဖိုးထားရကောင်းမှန်းသိလာ၍ ဆုံးရှုံးသွားခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် တိုင်းရင်းသားပြည်သူအပေါင်းက ကြိုးပမ်းရသည်မှာ နှစ်ပေါင်းတစ်ရာကျော် ကြာမြင့်ပေသည်။ ထိုသို့ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းရသည့်အခါတွင်မူ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စတေးရသည်၊ ရင်းနှီးရသည်။ အလွယ်တကူနှင့် ပြန်လည်ရနိုင်သည် မဟုတ်ပေ။

ထို့ကြောင့် လွတ်လပ်ရေးကို ဆုံးရှုံးလိုက်ရမှသာ တန်ဖိုးထားရကောင်းမှန်း သိကြသည်မျိုး မဟုတ်ဘဲ လွတ်လပ်ရေးရှိစဉ်ကပင် လွတ်လပ်ရေး၏တန်ဖိုးကို နားလည်သဘောပေါက်ကာ တိုင်းရင်းသားပြည်သူအပေါင်းက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာ သမိုင်းပေး အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။ ။

# မြစ်ကြီးနားမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကျင်းပ




မြစ်ကြီးနား ဇန်နဝါရီ ၂

**(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် မနောမြေမိုးလုံလေလုံ အားကစားခန်းမ၌ ကရာတေးဒိုပြိုင်ပွဲကျင်းပနေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးသည်။**

ကရာတေးဒိုပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကရာတေးဒိုအဖွဲ့ ဒိုင်ချုပ်နှင့် နည်းပြများ၏ အတိုက်ပြိုင်ပွဲဖြင့် သရုပ်ပြကစားပြသမှုနှင့် အသက် (၁၂) နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက် (၁၂) နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီး ကရာတေးဒိုပြိုင်ပွဲများ ကျင်းပနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒိုင်အဖွဲ့နှင့် သရုပ်ပြအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ညနေပိုင်းတွင် ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပလျက်ရှိသည့် အသက် (၄၀) နှင့်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြစ်ကြီးနားမြို့၌ ရေကူးပြိုင်ပွဲ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ ၊ ဂျူဒိုပြိုင်ပွဲ၊ အသက် (၄၀) အထက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲတို့အပါအဝင် ဇန်နဝါရီ ၄ ရက်နေ့တွင် ပြည်သူ့အားကစားကွင်းအတွင်း၌ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ်အတွင်း၌ ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်



**နေပြည်တော် ဇန်နဝါရီ ၂**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပုသိမ်မြို့ ကမ်းနားလမ်း၌ ကတ္တရာကွန်ကရစ် (AC) လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကတ္တရာကွန်ကရစ် (AC) လမ်းသစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာကွန်ကရစ် (AC) လမ်းသစ်အား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သော ရာမညလမ်းသွယ် ၂ လမ်း၊ ရာမညလမ်းသွယ် ၃ လမ်းနှင့် ရာမညလမ်းသွယ် ၇ လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲများကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်၊ ဓာတ်ပုံပြပွဲ၊ ဆေးရောင်ခြယ်နှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပစဉ်။ စိုင်းအောင်ဇော်လင်း



ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူး၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းကာ အားကစားနည်းများကို မော်လမြိုင်မြို့ မင်းရွာကျေးရွာရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းကျောင်းဝင်း၌ ဇန်နဝါရီ ၂ ရက်က ကျင်းပစဉ်။ ဇာဖြူဝင်း(ပြန်/ဆက်)



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပစဉ်။ တင်ထွန်း(ပြန်/ဆက်)



ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်ဘောလုံး၊ ဝူရှူး၊ အခြေခံဘောလုံးကစားနည်းနှင့် အပြေးပြိုင်ပွဲများ ဇန်နဝါရီ ၂ ရက်က ကျင်းပစဉ်။ ဘာမီသာ(ပခုက္ကူ)

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မကွေးမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

**မကွေး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမနှင့် ခရိုင်အားကစားကွင်းတို့၌ ကျင်းပသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများအဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ဘော်လီဘောပြိုင်ပွဲ (ကျား/မ)၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ မီတာ (၁၀၀) ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲများ ထည့်သွင်းကျင်းပပြီး တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစား ဝါသနာရှင်များ အေးချမ်းပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများကို လွတ်လပ်ရေးနေ့တွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**





ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က အမှတ် (၁) ရပ်ကွက် ဝမ်လုံကျေးရွာ၌ မဉ္ဇူသက လူမှုကူညီရေးအသင်းမှ ကြီးမှူးကျင်းပစဉ်။ ကျော်ဇေယျာလင်း (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်က မြို့နယ်အားကစားကွင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ရုံးဝင်းအတွင်း၌ ကျင်းပစဉ်။ မြို့နယ် (ပြန်/ဆက်)

## အင်းတော်မြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**အင်းတော် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဇန်နဝါရီ ၁ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲများမှာ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်၊ ဝိုင်းဖွဲ့ခြင်းများ ပါဝင်သည်။ ယင်းပြိုင်ပွဲများမှ ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

> ❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ စက်စဲကမ်းခြေ၌ နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သည့် ဇန်နဝါရီ ၂ ရက်တွင် အေးချမ်းစွာလာရောက်အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
အေးအေးမွန်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၁) ရပ်ကွက်ရှိ အထင်ကရနေရာတစ်ခုဖြစ်သည့် နဂါးပွက်တောင်သို့ ဘုရားဖူးလာခရီးသွားပြည်သူများအား ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။
(၅၀၄)

# ဒလမြို့နယ် အမှတ်တရ ဗိုလ်ချုပ်ပန်းခြံ၌ နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်သူ၊ အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလ-တွံတေးကားလမ်းမကြီးဘေး ဗညားဒလရပ်ကွက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမှတ်တရ ဗိုလ်ချုပ်ပန်းခြံတွင် နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်း လာရောက်ပြုလုပ်သူ အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိသည်။

ဒလမြို့နယ် ဒလ-တွံတေးကားလမ်းမကြီးဘေး ဗညားဒလရပ်ကွက်ရှိ အမှတ်တရ ဗိုလ်ချုပ်ပန်းခြံတွင် ပြည်သူများ ကျန်းမာရေးအတွက် အားကစားပြုလုပ်နိုင်ရန် အားကစားပစ္စည်းများ၊ ကလေးငယ်များ ဆော့ကစားရန် ကစားစရာပစ္စည်းများလည်း ထားရှိပေးထားသည့်အတွက် နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းများ လာရောက်ပြုလုပ်သူများ၊ လာရောက်ဆော့ကစားကြသည့် ကလေးငယ်များနှင့် အမြဲမပြတ်စည်ကားလျက်ရှိသည်။

“ခုလို ပြည်သူတွေ ကျန်းမာရေးအတွက် လာရောက်ပြီး လေ့ကျင့်ခန်းလုပ်နိုင်ကြတာက မြို့ရွာအေးချမ်းလို့ပါ။ ပန်းခြံမှာ လူစည်တော့ လာရောက်ဈေးရောင်းကြသူတွေလဲ ရှိလာတယ်။ အဲဒါအေးချမ်းမှုရဲ့ ရလဒ်ပါ” ဟု ဗညားဒလရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။



အဆိုပါ အမှတ်တရ ဗိုလ်ချုပ်ပန်းခြံကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **မောင်ယဉ်ဦး**

# (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းဒေသကြီးကိုယ်စားပြု အထိမ်းအမှတ်ယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့များစေလွှတ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**ထားဝယ် ဇန်နဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ တိုင်းဒေသကြီးကိုယ်စားပြု အထိမ်းအမှတ်ယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့များ စေလွှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနား၌ တိုင်းဒေသကြီး ကိုယ်စားပြု အထိမ်းအမှတ်ယာဉ်များတွင် အလှဆင်ရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းညှိနှိုင်းပြီး ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အဆင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီ အပါအဝင်တိုင်းဒေသကြီး၏ဂုဏ်ဆောင်လုပ်ငန်းများနှင့်ပတ်သက်၍ မော်တော်ယာဉ် သုံးစီးကို အလှဆင်ပြီးပြည်ထောင်စုနေ့တွင် ပြသရမည်ဖြစ်ကြောင်း၊ အလှပြယာဉ်များတွင် ပြကွက်များသည် တိုင်းဂုဏ်ဆောင်၊ နိုင်ငံဂုဏ်ဆောင်ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ တစ်ခုတည်းဆောင်ရွက်၍ မရသောကြောင့် ပညာရှင်များ၊ ဗဟုသုတကြွယ်ဝသူများနှင့် ဒေသခံများ ပူးပေါင်း ပါဝင်ရမည့်ကိစ္စရပ်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များတွင် တိုင်းဒေသကြီးအတွင်း၌ရှိသော ဒေသန္တရ Landmark ၊ ဒေသထွက်ကုန်နှင့်ဒေသရှိ တိုင်းရင်းသားရိုးရာဓလေ့များကို ပြသရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များတွင် အလှဆင်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တက်ရောက်လာသော ပညာရှင်များနှင့် ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက တိုင်းဒေသကြီး ကိုယ်စားပြု အထိမ်းအမှတ်ယာဉ်များတွင် အလှဆင်မည့် ဒေသန္တရ Landmark ၊ တနင်္သာရီ တိုင်းဒေသထွက်ကုန်၊ တိုင်းရင်းသား ရိုးရာဓလေ့ စသည့် အကြောင်းအရာများကို ဝိုင်းဝန်းအကြံပြု ရှင်းလင်းဆွေးနွေးခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဇန်နဝါရီ ၂**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အထင်ကရနေရာများ၊ ဒေသထွက်ကုန် ပစ္စည်းများအား ပေါ်လွင်ရန် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် အလှပြယာဉ်များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များ စေလွှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုး အပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရေး စောင့်ရှောက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ ပြည်နယ်အတွင်းရှိ အနုသုခုမရိုးရာ အမွေအနှစ်များကိုလည်း အဆိုပါ အခမ်းအနားတွင် ဖော်ထုတ်ပြသပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနအလိုက် ကော်မတီ အဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြ ဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားလူမျိုးတို့၏ ပုံရိပ်ကို ပေါ်လွင်စေမည့် အလှပြယာဉ်များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ စေလွှတ်ပေးနိုင်ရေး အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်ပြည်နယ် အနေဖြင့် တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးပြီး လေးစားမှုရှိစေရေး၊ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်းများ၊ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများကိုလည်း အထူးအလေးပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**သုံးခွ ဇန်နဝါရီ ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက "ပန်းခင်း" စီမံချက်ဖြင့် တိုင်းရင်းသား/ ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ရရှိထုတ်ပေးနိုင်ရေးအတွက် မုတ္တမပင်လယ်ကွေ့ ကမ်းနီးဒေသဖြစ်သော သာသာမြိုင်ကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ ဇန်နဝါရီ ၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ပြုလုပ်ပေးသည်။

အခမ်းအနားတွင် သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးမှူး ဦးဌေးအောင်က ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအကြောင်း၊ ပန်းခင်းစီမံချက် အကြောင်း၊ ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ပြည်သူများ ကျယ်ပြန့်စွာ သိရှိနိုင်ရေး အတွက်သိသင့်သိထိုက်သည်များ ပါရှိသော "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသား ကတ်ကိုင်ကြစို့" လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး၊ အသက် ၁၆နှစ်မှ ၁၈နှစ်ကြား၊ အမျိုးသား ၁၉ဦး၊ အမျိုးသမီး၂၇ဦး၊ အသက် ၁၈နှစ်ပြည့်ပြီးသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ဦး၊ အသက် ၁၈နှစ်ပြည့် လဲလှယ်အမျိုးသား တစ်ဦး စုစုပေါင်း စုစုပေါင်း ၆၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသည်။



အလားတူ သမစိတ္တကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင်လည်း ဇန်နဝါရီ ၁ ရက် နံနက် ၉နာရီက လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်မင်းမင်းသန်းနှင့် ဝန်ထမ်းအဖွဲ့က အသက် ၁၆ နှစ်မှ ၁၈နှစ်ကြား၊ အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၅၆ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူအမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၁၅၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်သုံးခွ**

❄ *ကျောဖုံးမှ*

လက်ရှိလွိုင်မွေဒေသသို့ ချယ်ရီပန်းပွင့်ချိန်တွင် ရှမ်းအရှေ့ဒေသရှိ ပြည်သူများ သွားရောက်ကြည့်ရှုခတ်ပုံရိုက်လေ့ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၎င်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ လွိုင်မွေဒေသရှိ ချယ်ရီပန်းပွဲတော်အား နှစ်စဉ် ဇန်နဝါရီလ ဒုတိယပတ်ကို ရက်သတ်မှတ်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားရောက်လည်ပတ်နိုင်ရန် ခရီးသွားလုပ်ငန်း မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်တွင် ရှမ်း၊ အာခါ၊ လားဟူ၊ ဝ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ကျိုင်းတုံရုံးခွဲ တာဝန်ခံ ဦးမင်းမောင်စိုးထံမှ သိရသည်။

ထို့အတူ မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် အဆိုပါရာသီ၌ ချယ်ရီပန်းများပွင့်ကြသော်လည်း လွိုင်မွေဒေသကဲ့သို့ ချယ်ရီပန်းများ အစုလိုက်အပြုံလိုက် ပွင့်သောနေရာ ရှားပါးပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ၌ နှစ်စဉ် ဒီဇင်ဘာလကုန်ပိုင်းမှ ဇန်နဝါရီလကုန်ပိုင်းအထိ တစ်လကြာ ချယ်ရီပန်းများပွင့်လျက်ရှိသည့်အတွက် ချယ်ရီပန်းပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ လွိုင်မွေဒေသရှိ ချယ်ရီပန်းပွဲတော် ၂၀၂၂ ကို ဇန်နဝါရီ ၆ ရက်တွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိပါမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



တတ်နိုင်သမျှ

မိမိအိမ်တွင်သာ နေပါ

# လုပ်ငန်းရှင်များအနေဖြင့် FDA ၏ E-Submission Link သို့ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကိုဗစ်-၁၉ ကာကွယ်ကုသရေးဆေးဝါးနှင့် ဆေးပစ္စည်းများနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖြေလျှော့ဆောင်ရွက်မှုများကို ဆေးဝါးအတွက် အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) နေ့တွင်လည်းကောင်း၊ (၂၇-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၃-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Molnupiravir Tablet ကို (၁၇-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၄) ကြိမ်၊ ဆေးပစ္စည်းအတွက် အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၇-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၂) ကြိမ်နှင့် ကျန်းမာရေးအထောက်အကူပြု အစားအသောက်များ ဆရာဝန်ညွှန်ကြားချက် မလိုသော ဆေးဝါးများနှင့် ပတ်သက်၍ အသိပေးကြေညာချက်များအား (၂၇-၇-၂၀၂၁) ရက်နေ့တွင် (၁) ကြိမ် အများပြည်သူ သိရှိနိုင်ရန်အတွက် FDA ၏ Website (www. fda.gov.mm) နှင့် Food and Drug Administration Myanmar Facebook Page တို့တွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ E-Submission System ဆောင်ရွက်မှုကိစ္စနှင့်ပတ်သက်၍ Food IR ၏ Launch Date မှာ(၁-၂-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ Medical Device တွင် IR အတွက် Launch Date (၁-၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ One Time အတွက် Launch Date မှာ(၁-၅-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufacture အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Product Registration အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ Cosmetic အတွက် IR ၏ Notification Launch Date မှာ (၁-၄-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ Local (Notification) ၏ Launch Date မှာ (၁-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufactured Launch Date မှာ (၂၆-၁၁-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ Drug System (DIAC, One Time) Launch Date မှာ (၈-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း Launching ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ E-Submission ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ Trade Facilitation ဆိုင်ရာ ဆောင်ရွက်မှုအနေဖြင့် (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ E-Submission စနစ်များအား စတင်အကောင်အထည်ဖော်ပြီးဖြစ်ပါ၍ အဆိုပါ Launching လုပ်သည့်ကိစ္စရပ်များအား သိရှိနိုင်ပါရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် FDA ၏ E-Submission Link ဖြစ်သော http://esubmission.fda.gov.mm သို့ ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးဌာနခွဲ - ၀၆၇-၄၀၃၀၇၃/၀၆၇-၄၀၃၀၉၁
ဆေးပစ္စည်း၊ အလှကုန်/
လူသုံးကုန်ဌာနခွဲ - ၀၆၇-၄၀၃၄၈၉
အစားအသောက်ဌာနခွဲ - ၀၆၇-၄၀၃၂၅၀
Fdanpt1@gmail.com

# ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များနှင့် ဆေးရုံနားနေဆောင် တစ်လုံးတို့ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂

**အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင် တိုက်ခိုက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။**

**ပျက်စီးဆုံးရှုံး**

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၁) ရပ်ကွက်ရှိ လူနေအိမ်များကို ဇန်နဝါရီ ၁ ရက် ည ၇နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၁၀ လုံးနှင့် ဆေးရုံရှိ နားနေဆောင် တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅ သိန်းခန့်) ပျက်စီးဆုံးရှုံးခဲ့သည်။

**မီးရှို့ဖျက်ဆီးမှုလုပ်ဆောင်**

အလားတူအကြမ်းဖက်သမားများအနေဖြင့် ဒီဇင်ဘာ ၈ ရက်နှင့် နိုဝင်ဘာ ၂၄ ရက်တို့တွင် အမှတ် (၂) ရပ်ကွက်ရှိ လူနေအိမ်အချို့ကို လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် အမှတ် (၁) ရပ်ကွက်၊ ဘောလုံးကွင်းအနီးရှိ နေအိမ်များနှင့်အချို့ မီးလောင်လွယ်သည့် ပစ္စည်းများကိုလည်းကောင်း မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သဖြင့် အဆိုပါရပ်ကွက်များအတွင်းရှိ လူနေအိမ် ၁၁၃ လုံး၊ ဘုရားရှိခိုးကျောင်း သုံးကျောင်းနှင့် ဆေးဆိုင်ခန်း တစ်လုံးတို့ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သည်။

**လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေး**

အကြမ်းဖက် အဖွဲ့ဖြစ်သည့် NUG ၊ CRPH ၊ PDF စသည့် အကြမ်းဖက် အဖွဲ့အစည်းများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်မှုလုပ်ရပ်များကို မကြာခဏ လုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု မရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❖ကျောဖုံးမှ*

(၇/အရှေ့) ရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာ မူလတန်းကျောင်းအနီး လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့သည်။ ထိုသို့ ဖောက်ခွဲမှုကြောင့် ခြံစည်းရိုးအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အဆိုပါနေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်မိုင်းပေါက်ကွဲထားသည့် PVC ပိုက်အပိုင်းအစများ တွေ့ရှိရပြီး ပေါက်ကွဲမှု ဖြစ်ပွားသည့် နေရာနှင့် ပေ ၂၀ ခန့်အကွာတွင် PVC ပိုက်တစ်ခုနှင့် ကီးပက်ဖုန်း တစ်လုံးတို့ကို ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ရွှေပြည်သာမြို့နယ် အောင်သိဒ္ဓိကျောင်းတိုက်တွင် သုံးထပ်ကျောင်း အဆောက်အအုံဆောက်လုပ်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက် ရောဝတီပတ်လမ်းနှင့် ချင်းတွင်းလမ်းသွယ်ရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တခေမာစာရ (မိုးကုတ်နယ်လှည့်ကမ္မဋ္ဌာနာစရိယ ) တည်ထောင်ထားသော အောင်သိဒ္ဓိကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာတရား တိုးတက်ပြန့်ပွားပြသနိုင်ရန်အတွက် သုံးထပ်ကျောင်းတော်အဆောက်အအုံနှင့် ဘုရားအာရုံခံတန်ဆောင်းတော်ကြီးဆောက်လုပ်နိုင်ရန် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း ဖြစ်မြောက်ရေးအကျိုးဆောင်များထံမှ သိရသည်။

သုံးထပ်ကျောင်းတော်ကြီး၏ အဆောက်အအုံအကျယ်အဝန်းမှာ (၃၂' x ၅၂' x ၃၆') ရှိပြီး RC အမျိုးအစားဖြစ်သည်။ ဘုရားအာရုံခံတန်ဆောင်းတော်ကြီး၏ အဆောက်အအုံအကျယ်အဝန်းမှာ ( ၃၀' x ၄၄' x ၂၂') ရှိ Steel Structure အမျိုးအစားဖြစ်သည်။ အဆိုပါ အဆောက်အအုံများ တည်ဆောက်နိုင်မှသာလျှင် သာသနာရေး၊ ဘာသာရေးလုပ်ငန်းရပ်များတွင် ပိုမိုထွန်းကားကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ရာ အလှူရှင်များအနေဖြင့် မိမိတို့ တတ်စွမ်းသမျှ ပါဝင်လှူဒါန်းပါရန် အကျိုးမျှော်နှီးဆော်ထားသည်။ သာသနာအကျိုး၊ ဘာသာအကျိုးကို သယ်ပိုးထမ်းရွက်လိုသော အလှူရှင်များ လှူဒါန်းမှုပြုလိုပါက ဖုန်း ၀၉-၄၂၀၀၇၁၁၈၀၊ ၀၉-၇၉၉၇၂၀၀၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြင့်သန်းကြည် ( ရွှေပြည်သာ)**




ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်းဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာ နာမဝိသေသနအကြောင်း၊ နာမဝိသေသန ဘယ်နှစ်မျိုးရှိသလဲဆိုတာနဲ့ Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန) များကို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ကျန်ရှိနေသေးတဲ့ ရှင်းလင်းချက်များနဲ့ လေ့ကျင့်ခန်းများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း “Shortest way to talk about illness and medicine – 3” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာ အသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Adjective (နာမဝိသေသန)**

Adjective (နာမဝိသေသန) ဆိုသည်မှာ နာမ်ကိုအထူးပြုသော စကားလုံး (သို့) နာမ်၏အဓိပ္ပာယ်ကိုတိုးချဲ့ပေးသောစကားလုံး (သို့) နာမ်၏အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့ပေးသော စကားလုံး ဖြစ်သည်။ ဥပမာ–

- The tree is tall.
- The car is old.
- a black cat
- a square box

ဒီနေရာမှာ black၊ square၊ tall၊ old စကားလုံးများသည် Adjective (နာမဝိသေသန) များဖြစ်ကြသည်။ အဆိုပါ Adjective (နာမဝိသေသန) များသည် cat၊ box၊ tree၊ car ဆိုသည့် Noun (နာမ်) များ၏ အဓိပ္ပာယ်ကို တစ်မူထူးခြားစေသည်။

Adjective (နာမဝိသေသန)များကို နာမ် (Noun) ၏ရှေ့တွင်ထား ပြီးပြောဆိုသုံးနှုန်းနိုင်ရုံတင်မက Verb to be နှင့် linking verbs တို့၏ နောက်တွင်လည်း ထား၍သုံးနိုင်သည်။ ဥပမာ–

- The old man walked away.
- The man was old.
- The workers seem angry.

Adjective (နာမဝိသေသန) ကိုအကြမ်းဖျင်းအားဖြင့် အလွယ်တကူ မှတ်ရလွယ်အောင် ရှစ်မျိုးခွဲခြားထားသည်။ ၎င်းတို့မှာ –

- Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန)
- Demonstrative Adjectives (ညွှန်ပြ နာမဝိသေသန)
- Quantitative Adjectives (ပမာဏပြ နာမဝိသေသန)
- Numerical Adjectives (အရေအတွက်ပြ နာမဝိသေသန)
- Distributive Adjectives ( ခွဲဝေပြနာမဝိသေသန)
- Interrogative Adjectives (အမေးနာမဝိသေသန)




- Possessive Adjectives (ပိုင်ဆိုင်မှုပြ နာမဝိသေသန)
- Proper Adjectives ( အမည်နာမဝိသေသန) တို့ဖြစ်ကြသည်။

**Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန)**

Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန) ဆိုသည်မှာ နာမ်၏ အရည်အသွေးကို ဖော်ပြပေးသော စကားလုံးများကို ဆိုလိုသည်။ ထို့အပြင် နာမ်၏ အရောင်၊ ပုံပန်းသဏ္ဌာန်၊ အရွယ်အစားနှင့် အခြေအနေ တို့ကိုလည်းဖော်ပြပေးသည်။ Descriptive Adjectives (သရုပ်ဖော် နာမဝိသေသန) များသည် တခြား Adjectives (နာမဝိသေသန) များ ထက် အသုံးများသည်။ ဥပမာ–

- I have a big cat. It is black and white.
- Nan Kay Thi is a pretty, young girl.
- Thura is brave, but his brother is timid.

လူသိများတဲ့ Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန) အချို့ကိုဖော်ပြပေးလိုက်ပါတယ်။

| | | | |
|---|---|---|---|
| big | = ကြီးသော | fat | = ဝသော |
| high | = မြင့်သော | wide | = ကျယ်သော |
| good | = ကောင်းသော | clever | = တော်သော၊ ကျွမ်းကျင်လိမ္မာသော |
| small | = ငယ်သော | thin | = ပိန်သော၊ ပါးသော |
| short | = တိုသော၊ ပုသော | low | = နိမ့်သော |
| narrow | = ကျဉ်းမြောင်းသော | bad | = ညံ့သော၊ ဆိုးသော |
| stupid | = မိုက်မဲသော | bright | = ဉာဏ်ကောင်းသော၊ တောက်ပသော |
| tall | = မြင့်သော၊ ရှည်သော | long | = ရှည်သော |
| clean | = သန့်ရှင်းသော | rich | = ချမ်းသာသော |
| pretty | = လှပသော | rapid, quick | = မြန်သော |
| young | = နုပျိုသော၊ငယ်ရွယ်သော | new | = သစ်သော |
| dull | = မှိန်သော၊ ထိုင်းသော | dirty | = ညစ်ပတ်သော |
| poor | = ဆင်းရဲသော | ugly | = ရုပ်ဆိုးသော |
| slow | = နှေးသော | old | =အိုသော၊ဟောင်းသော |
| black | = အနက်ရောင်ဖြစ်သော | square | =လေးထောင့်ဖြစ်သော |

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

1. whom 2. whose 3. which 4. who 5. whom
6. who 7. whose 8. whom 9. whose 10. who

**Exercise (2) မှ အဖြေများ**

1. I met the postman who gave me a letter.
2. He returned the book which was lent to him.
3. The pen which you gave me was lost.
4. I did not receive the book which I sent for.
5. The answer which she gave is right.
6. I did not believe what you told me.
7. I found the ruler which I lost yesterday.
8. Show me the road which leads to the bazaar.
9. That man whom you spoke to is deaf.
10. Those pencils which are lying on the floor are mine.

## VOCABULARY (SYNONYMS)

**disease = sickness** (အနာရောဂါဖြစ်ခြင်း၊ ဖျားနာခြင်း)
**disorder = chaos** (ကစဉ့်ကလျားဖြစ်ခြင်း၊ ဖရိုဖရဲဖြစ်ခြင်း)
**disperse = scatter** (အဘက်ဘက်သို့ပျံ့နှံ့ခြင်း)
**drowsy = sleepy** (အိပ်ချင်မူးတူးဖြစ်သော၊ အိပ်ငိုက်သော)
**dubious = doubtful** (သံသယရှိသော)
**dull = gloomy** (ပျင်းစရာကောင်းသော၊ မဲမှောင်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about illness and medicine – 3

**ဒီတစ်ပတ်မှာတော့ ကျန်းမာရေးအခြေအနေ၊ ဆေးခန်းသွားခြင်းနဲ့ ရောဂါလက္ခဏာတွေနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about illness and medicine – 3 ဆိုပြီး ဖော်ပြလိုက်ပါတယ်။**




*Have you heard …*
*should + Vinf …*
*can + Vinf …*
*I'm sure …*

၁။ သိပြီးပြီလား။ ကြားပြီးပြီလား။ စားပြီးပြီလား။ လုပ်ပြီးပြီလားဆိုပြီး မေးတာပဲဖြစ်ဖြစ် ပြောတာပဲဖြစ်ဖြစ် သုံးချင်တဲ့အခါ present perfect လို့ခေါ်တဲ့ Have/has + V3 ပုံစံမျိုးသုံးရပါတယ်။ ဒီမှာကတော့ အမေးပုံစံလုပ်ပြထားပါတယ်။ ပြောချင်တာကတော့ မင်းကြားပြီးပြီလားဆိုပြီးပြောတဲ့ပုံစံဖြစ်ပါတယ်။ ဥပမာ–

- *Have you heard* about this news?
- *Have you done* your homework?
- *Have you enjoyed* your meal?

**ဘာသာစကားရှုထောင့်**

လုပ်ပြီးပြီး၊ စားပြီးပြီ၊ သွားပြီးပြီဆိုပြီးပြောချင်တဲ့ အခါမှာဆိုရင်တော့ Present Perfect (Positive) Form ကိုသုံးနိုင်ပါတယ်။ ဥပမာ–

- *I have met* Lewis at the airport.
- *I have gone* out.
- *They have put* out fire.

၂။ တစ်ခုခုကို (လုပ်)သင့်တယ်လို့အကြံပေးရင် သို့မဟုတ် ပြောရင် Should + V inf နဲ့သုံးပါတယ်။ ဥပမာ–

- *You should stop* eating fast food.
- *You should go* for walk more often.
- *We should go* to the park tomorrow.

**ဘာသာစကားရှုထောင့်**

Should + Vinf ကို ဖြစ်ကောင်းဖြစ်နိုင်တဲ့အခြေအနေမှာသော်လည်းကောင်း –

- John *should be* here by 2:00PM.
- He *should be* bringing Jennifer with him.

မေးခွန်းပုံစံမျိုး မေးမြန်းပြောဆိုတဲ့အခါမှာသော် လည်းကောင်းအသုံးပြုနိုင်ပါတယ်။

ဥပမာ –

- *Should we turn* left at this street?
- *Shouldn't you be* getting ready for work?

၃။ တစ်ခုခုကို (လုပ်) နိုင်သလားလို့ မေးချင်ရင်တော့ can + Vinf ပုံစံမျိုးသုံးနိုင်ပါတယ်။ ဥပမာ–

- Can you speak several languages?
- Can he swim like a fish?
- Can you see me?

တစ်ခုခုကိုလုပ်နိုင်တယ်လို့ပြောချင်ရင်၊ ခွင့်ပြုတယ်လို့ပြောချင်ရင်တော့ can +Vinf ပုံစံမျိုးသုံးနိုင်ပါတယ်။ ဥပမာ –

- They can dance very well.
- You can go home now.
- You can borrow my pen if you like.

၄။ ကိုယ်က တစ်ခုခုကို ဖြစ်စေချင်တယ်။ ဒါမှမဟုတ် ဖြစ်လာဖို့မျှော်လင့်တယ်ဆိုရင် I'm sure … ကို သုံးပါတယ်။ ဥပမာ–

- I'm sure she's OK.
- I'm sure we can work something out.

Conversation

**Going to hospital**

A: Have you heard about what happened to Louis?

B: No, what?

A: He went to the doctor's for a routine check-up, and they discovered he had a major cardiac problem? They sent him to A&E righ away; they wouldn't let him go home even for an hour. Then, he had surgery the same day.

B: No way! I saw him on Tuesday. He looked absolutely fine.

A: Yeah, I was shocked, too. Anyway, we should go and see him, don't you think?

B: Sure. How long are they keeping him in?

A: For what I heard, they want to monitor him for a few days, and then he can go home.

B: So, when can we go? Do they have set visiting hours?

A: Yeah, it's in the afternoon some time. I can check on their website. Let me check with his wife, too, because I'm sure she'll be spending time there, and I think there's a two–visitor maximum.

B: I hope he's alright. I've never had an operation or had to stay overnight in hospital, but I imagine it's fairly miserable.

A: Yup, you're not wrong. Hopefully he'll be discharged soon.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။


# လေယာဉ်ခရီးစဉ်ပေါင်း ၂၆၀၀ ကျော်ကို ဖျက်သိမ်းလိုက်ရသည့်အတွက် အမေရိကန်လေဆိပ်များတွင် ဖရိုဖရဲဖြစ်

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်ပြည်ထောင်စုတွင် ဇန်နဝါရီ ၁ ရက်က လေကြောင်းခရီးသွားလာမှုများတွင် အနှောင့်အယှက်များနှင့်ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်။ ကိုဗစ် -၁၉ကူးစက်မှုများကြောင့် လေကြောင်းခရီးသွားလာမှုတွင် အဟန့်အတားများကြုံတွေ့နေရသည့်ကြားမှ တိုင်းပြည်၏ အချို့သောနေရာများတွင် ရာသီဥတုဆိုးရွားသဖြင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။

အမေရိကန်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၂၆၀၄ ခု ဖျက်သိမ်းခဲ့ရပြီး တစ်ကမ္ဘာလုံးအနှံ့ လေယာဉ်ခရီးစဉ် ဖျက်သိမ်းမှု၏ ထက်ဝက်နီးပါးရှိသည်ဟု လေကြောင်းခရီးစဉ် ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။ ထို့ပြင် ပြည်တွင်းခရီးစဉ်ပေါင်း ၃၄၄၇ ခုမှာလည်း ဇန်နဝါရီ ၁ ရက်တွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အမေရိကန်တွင်လည်း ချီကာဂိုရှိ လေဆိပ်တွင် ရာသီဥတုဆိုးရွားမှုကြောင့် အခက်ကြုံခဲ့ရသည်။

ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းမှစ၍ ညအချိန်အထိ နှင်းမုန်တိုင်းရှိမည်ဟု ခန့်မှန်းထားသောကြောင့် ဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ လေကြောင်းခရီးသွားလာမှုလုပ်ငန်းမှာ ကိုဗစ် -၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်မှုကြောင့် ရုန်းကန်နေရဆဲဖြစ်သည်။ ကိုဗစ် -၁၉ ကူးစက်ခံရခြင်း သို့မဟုတ် ရောဂါကူးစက်ခံရသူများနှင့် ထိတွေ့မိသည့်တွက် အသွားအလာကန့်သတ်ခံထားရခြင်းတို့ကြောင့် လေယာဉ်မှူးများ၊ လေယာဉ်အမှုထမ်းများနှင့် အခြားသော ဝန်ထမ်းများမှာ လုပ်ငန်းခွင်သို့မဝင်နိုင်သေးပေ။ **အေအက်ဖ်ပီ**



ဝါရှင်တန်ရှိ ရော်နယ်ရေဂင်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း သွားလာနေကြသူများကို တွေ့ရစဉ်။

# ဥရောပတွင် ကိုဗစ် – ၁၉ ကူးစက်မှုများ ပို၍များပြားလာ

**ပါရီ ဇန်နဝါရီ ၂**

နှစ်သစ်ကူးကာလတွင် ဥရောပနိုင်ငံများ၌ ကိုဗစ် -၁၉ကူးစက်ခံရသူဦးရေမှာ များပြားလာခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ဒီဇင်ဘာ ၃၁ ရက် နေ့စဉ် ကူးစက်ခံရသူဦးရေမှာ ၂၃၂၂၀၀ အထိရှိလာသည်။ ယင်းနေ့မတိုင်မီတစ်ရက်က ပြင်သစ်နိုင်ငံ နေ့စဉ်ကူးစက်မှုမှာ ၂၅၀၀၀၀ ရှိခဲ့သည်။

လာမည့် သီတင်းပတ်များအတွင်း ဗိုင်းရပ်စ်ကို နှိမ်နင်းရန်မှာ စိန်ခေါ်မှုဖြစ်လာမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောသည်။ ထို့ပြင် ကာကွယ်ဆေးထိုးကြရန် အရေးကြီးကြောင်းကိုလည်း ပြင်သစ်သမ္မတက ပြောသည်။ ဗြိတိန်နိုင်ငံတွင်လည်း နောက်ထပ်ကူးစက်ခံရသူပေါင်း ၁၈၉၈၄၆ ဦး တိုးလာပြီး ဂရိနိုင်ငံတွင်လည်း နေ့စဉ်ကူးစက်မှုမှာ ၄၀၅၆၀ ဝန်းကျင်တွင် ရှိသည်။ အီတလီ နိုင်ငံတွင်လည်း နောက်ထပ် ကူးစက်ခံရသူ ၁၄၄၂၃၄ ဦးရှိသည်။ အဆိုပါ ကိန်းဂဏန်းများမှာ နိုင်ငံသုံးနိုင်ငံတွင် အမြင့်ဆုံး ပမာဏလည်းဖြစ်သည်။ အိုမီခရွန် ကူးစက်မှုမှာ ပျံ့နှံ့လျက်ရှိပြီး နှစ်သစ်ကူးတွင်လည်း ရောဂါ ကူးစက်မှု လျော့ကျသွားမည့် လက္ခဏာ မရှိချေ။ **အေအက်ဖ်ပီ**



# ဗြိတိန်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၃ သန်းကျော်ထိရှိလာ

**လန်ဒန် ဇန်နဝါရီ ၂**

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူဦးရေမှာ ၁၆၂၅၇၂ ဦး တိုးလာသည့်အတွက် နိုင်ငံတစ်ဝန်း စုစုပေါင်း ကူးစက်ခံရသူ ၁၃၁၀၀၄၅၈ ဦးအထိ ရှိလာကြောင်း ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်–၁၉နှင့် ဆက်စပ်ပြီး သေဆုံးဦးရေမှာလည်း ၁၅၄ ဦး တိုးလာခဲ့သည်။ ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူဦးရေမှာ ၁၁၉၁၈ ဦးရှိကြောင်း သိရသည်။ ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်သည့် ကူးစက်ခံရသူဦးရေတွင် စကော့တလန်၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့မှ စာရင်းများမပါဝင်ပေ။

ဗြိတိန်ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဗျာဇစ်က နောက်ထပ်ကန့်သတ်မှုများကို မလွှဲမရှောင်မှသာ ပြုလုပ်တော့မည်ဖြစ်ကြောင်း ပြောသည်။ ဗြိတိန်နိုင်ငံတွင် အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်–၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးသူ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ ၈၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံတွင် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ထုပ်ပိုးသည့်အခါ ပလတ်စတစ်အိတ်များအသုံးပြုခြင်းကို ပိတ်ပင်

**ပါရီ ဇန်နဝါရီ ၂**

ပြင်သစ်နိုင်ငံတွင် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကိုထုပ်ပိုးသည့်အခါ ပလတ်စတစ်အိတ်အသုံးပြုမှုကို ပိတ်ပင်သွားမည်ဟု ဇန်နဝါရီ ၁ ရက်တွင် သိရသည်။

ယင်းအချက်ကြောင့် ပြင်သစ်နိုင်ငံ၏ ထုပ်ပိုးမှုကဏ္ဍတွင် အခက်တွေ့ဖွယ် ဖြစ်လာခဲ့သည်။ တစ်ကမ္ဘာလုံးဆိုင်ရာညစ်ညမ်းမှုကြောင့် ပလတ်စတစ်အသုံးပြုမှုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသမားများက အပြစ်တင်ပြောဆိုနေကြစဉ် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် လက်တွေ့ကြသည့် ချဉ်းကပ်မှုကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ၂၀၂၆ မတိုင်မီအထိ ဥပဒေအပြည့်အစုံမှာ သက်ရောက်မှုရှိမည် မဟုတ်ချေ။ ပလတ်စတစ်ဖြင့် ထုပ်ပိုးထားသည့် လက်ကျန်ပစ္စည်းများကို ခြောက်လအသုံးပြုခွင့်ပေးသွားမည်ဖြစ်သည်။

သို့သော်လည်း ထုပ်ပိုးမှု ကုန်ကျစရိတ်မှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြင့်သွားနိုင်သည်ဟုလည်း ပိုမန်ဂျူကုမ္ပဏီမှ ကိုယ်စားလှယ်က ပြောသည်။ ဥရောပတွင် နှစ်စဉ်နှစ်တိုင်း တစ်ခါသုံး ပလတ်စတစ် ထုပ်ပိုးမှုကြောင့် ပလတ်စတစ်တန်ချိန် ရှစ်သန်းထွက်ရှိသည်ဟု ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ**



ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရောင်းချနေမှုကို တွေ့ရစဉ်။

## ဒီဇင်ဘာလအတွင်း အီရတ်နိုင်ငံ၏ ရေနံစိမ်းတင်ပို့မှုမှာ စည်ပေါင်း ၁၀၁ သန်း ကျော်ရှိဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၂ – အီရတ်နိုင်ငံသည် ဒီဇင်ဘာလအတွင်း ရေနံစိမ်းတင်ပို့နိုင်မှုမှာ စည်ပေါင်း ၁၀၁ ဒသမ ၅၈သန်းရှိပြီး အခွန်ငွေ အမေရိကန် ဒေါ်လာ ၇ ဘီလီယံကျော်ရရှိသည်ဟု အီရတ်ရေနံဝန်ကြီးဌာနက ဇန်နဝါရီ ၁ ရက်တွင် ပြောသည်။

ပျမ်းမျှ ရေနံစိမ်းရောင်းချရမှုအတွက် ရေနံတစ်စည်လျှင် ၇၂ ဒေါ်လာရရှိသည်ဟု ဝန်ကြီးဌာန၏ပြောကြားချက်အရ သိရသည်။ ဒီဇင်ဘာလအတွင်း တစ်နေ့လျှင် ရေနံစိမ်းတင်ပို့ရမှုမှာ စည်ပေါင်း ၃ ဒသမ ၂၈ သန်း ရှိသည်ဟု သိရသည်။ အီရတ်နိုင်ငံသည် မြင့်မားသည့်အခွန်အခနှင့်အတူ လစဉ် ရေနံစည်ပေါင်း သန်း ၁၀၀ကျော်ကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။ အီရတ်နိုင်ငံ၏ စီးပွားရေးမှာ ရေနံတင်ပို့မှုပေါ်တွင် မှီခိုနေရပြီး နိုင်ငံ၏အခွန်ရရှိငွေ ၉၀ ရာခိုင်နှုန်းကျော်မှာ ရေနံတင်ပို့မှုမှဖြစ်သည်။ **ဆင်ဟွာ**

# အိမ်တွင်းအကြမ်းဖက်ခံရမှုမှ ရုန်းထွက်နိုင်ရေးကြိုးပမ်းလာကြသည့် အီရတ်အမျိုးသမီးများ

နှင်းမိုးအိမ်



အီရတ်နိုင်ငံ တောင်ပိုင်းတွင် ၂၀၂၁ ခုနှစ် မတ်လ ၈ ရက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ဆန္ဒပြ အမျိုးသမီးများကို တွေ့ရစဉ်။

အီရတ်နိုင်ငံအများပြည်သူနှင့်သက်ဆိုင်သည့် ကဏ္ဍတွင် အလုပ်လုပ်ကိုင်ပြီးနောက် အဇာဟာသည် အိမ်တွင်းအကြမ်းဖက်မှုခံနေရသည့် အမျိုးသမီးများကို ကူညီရန် တရားဝင်ကမ်းလှမ်းခဲ့သည်။

**ဆယ်စုနှစ်တစ်စုကြာအမှုရင်ဆိုင်ခဲ့ရ**

၎င်းကိုယ်တိုင်မှာလည်း ခင်ပွန်းသည် ဖြစ်သူ၏ အိမ်တွင်းအကြမ်းဖက်မှုနှင့်ရင်ဆိုင်ခဲ့ဖူးရာ အတွေ့အကြုံများရရှိထားသူလည်းဖြစ်သည်။ အဇာဟာမှာ မိသားစု၏ ဖိအားပေးမှုဖြင့် လက်ထပ်ခဲ့သူဖြစ်ပြီး ၎င်းကိုရိုက်နှက်သည့် ခင်ပွန်းသည်ဖြစ်သူနှင့် ကွာရှင်းခွင့်ရရှိရန် ဆယ်စုနှစ်တစ်စုစာကြာ တရားရုံး၌ အမှုရင်ဆိုင်ခဲ့ရသူလည်းဖြစ်သည်။

**တွန်းအားတစ်ခုဖြစ်ခဲ့**

အဇာဟာက ခင်ပွန်းသည်ဖြစ်သူနှင့် နေထိုင်စဉ် ရိုက်နှက်ခံထားရသည့်ဒဏ်ရာများကို ဓာတ်ပုံရိုက်ထားခဲ့ပြီး ၎င်းရရှိထားသည့်ဒဏ်ရာများကို ပြသခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် သေတော့မည်ဟုပင် တွေးထားခဲ့ကြောင်း ၎င်းက ပြောပြသည်။ ထိုအချိန်၌ပင် ၎င်းကိုနှောင်ဖွဲ့ထားသော အချုပ်အနှောင်ကို ဖြတ်တောက်ရန် စတင်ကြိုးပမ်းခဲ့သည်ဟု ပြောသည်။ နောက်ဆုံးတွင်လွတ်မြောက်ခွင့်ရရှိခဲ့သော်လည်း ၎င်းကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်ဆိုးကြောင့် ဥပဒေကိုလေ့လာသင်ယူရန် တွန်းအားတစ်ခုဖြစ်ခဲ့ရသည်။

**တရားဝင်အကူအညီများပေး**

တရားစီရင်မှုစနစ်နှင့် ရင်ဆိုင်ရာတွင် အားနည်းချက်ရှိသည်ဟုခံစားရကြောင်း အဇာဟာက ၎င်း၏ခံစားချက်ကိုပြောပြသည်။ ယခုအခါ ၎င်းသည် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုတွင် ဦးစီးဦးဆောင်ပြုလျက်ရှိပြီး အဆိုပါအဖွဲ့အစည်းသည် အိမ်တွင်းအကြမ်းဖက်ခံရမှုများကို တရားဝင်ထောက်ပံ့ပေးသည့် အီရတ်အမျိုးသမီးကွန်ရက်လည်းဖြစ်သည်။

အကြမ်းဖက်မှုခံနေရသည့် မည်သည့်အမျိုးသမီးကိုမဆို လိုအပ်သည့် တရားဝင်အကူအညီများပေးသည်။ ထို့ကြောင့် အဆိုပါအမျိုးသမီးသည် ၎င်း၏အခွင့်အရေးကို သတိပြုမိလာပြီး မိမိကိုယ်ကိုယ် ကာကွယ်နိုင်လာသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**ရုန်းကန်ကြိုးစားနေကြ**

အရွယ်မရောက်သေးသူများကို လက်ထပ်ပေးခြင်းမှစ၍ စီးပွားရေးဆိုင်ရာကိစ္စရပ်များအထိ အမျိုးသမီးဝါဒီများနှင့် ရှေ့နေများသည် အမျိုးသမီးများ၏ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး ရုန်းကန်ကြိုးစားနေကြသည်။ တိုင်းပြည်အတွင်း လူဦးရေသန်း ၄၀ အနက် ၂၀၂၁ ခုနှစ်တွင် အိမ်တွင်းအကြမ်းဖက်မှုဖြင့် တိုင်ကြားထားသူဦးရေမှာ ၁၇၀၀၀ ခန့် ရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန မိသားစုရေးရာစီမံခန့်ခွဲမှုဌာနမှ မီဒီယာအကြီးအကဲဖြစ်သူ ဆာ့ဒ်မန်းက ပြောသည်။

**အရွယ်မရောက်ဘဲလက်ထပ်မှုများလာ**

အီရတ်နိုင်ငံအတွင်း အရွယ်မရောက်သေးဘဲ လက်ထပ်မှုများ များပြားလာကြောင်း အီရတ်အစိုးရ၏ စစ်တမ်းကောက်ယူမှုအရသိရသည်။ ပြီးခဲ့သည့်နှစ်အတွင်း အသက် ၁၈ နှစ်အောက် လက်ထပ်သည့် အမျိုးသမီးအရေအတွက်မှာ ၂၅ ဒသမ ၅ ရာခိုင်နှုန်းသို့ ခုန်တက်ခဲ့သည်။ အဇာဟာသည် ပထမဆုံးအကြိမ် လက်ထပ်စဉ်က အသက် ၂၀ ဝန်းကျင်သာ ရှိသေးသည်။ သို့သော်လည်း လက်ထပ်ပြီး မကြာမီအတွင်း မုဆိုးမဖြစ်ခဲ့ရပြီး ခုနစ်နှစ်အကြာတွင် နောက်တစ်ကြိမ်လက်ထပ်ရန် ဖိအားပေးခံခဲ့ရသည်။

**ပြန်လည်ပေါင်းစည်းရေးကိုသာဖိအားပေး**

နောက်ဆုံးတွင်၎င်းသည် အကြမ်းဖက်တတ်သော ဒုတိယခင်ပွန်းသည်နှင့်ကွာရှင်းရန် အမှုဖွင့်နိုင်ခဲ့သည်။ အဇာဟာသည် ဒုတိယခင်ပွန်းသည်နှင့်အတူ ကလေးရှစ်ယောက်ကို ထားရစ်ခဲ့သည်။ ပထမဦးဆုံးတရားသူကြီးမှာ ၎င်း၏ခင်ပွန်းသည်နှင့် ရင်းနှီးနေသည့်အတွက် တိုင်ကြားမှုကို လက်မခံခဲ့ပေ။

အဇာဟာရရှိထားသောဒဏ်ရာများအတွက် ဆေးဘက်ဆိုင်ရာထောက်ခံချက်သုံးခုရရှိထားသော်လည်း အမှုကိုလက်မခံခဲ့ပေ။ အိမ်တွင်းအကြမ်းဖက်မှုများတွင် တရားသူကြီးများသည် ပြန်လည်ပေါင်းစည်းရေးကိုသာ ဖိအားပေးကြသည်ဟု မိသားစုကာကွယ်ရေးဆိုင်ရာဌာနမှ အလီမိုဟာမက်က ပြောသည်။

**ကြိုးစားနေကြ**

အီရတ်နိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုများ၌ အမျိုးသမီးများဘက်မှ အကာအကွယ်ပေးသည့် တိကျသည့်ဥပဒေမျိုးမရှိပေ။ လူ့အခွင့်အရေးအုပ်စုများသည် အိမ်တွင်းအကြမ်းဖက်မှုများအတွက် တရားဥပဒေအရအကာအကွယ်ပေးရန် ဥပဒေကြမ်းကို ပါလီမန်မှထောက်ခံချက်ရယူရန် ကြိုးစားနေကြသည်။ သို့သော်လည်း ၂၀၁၀ ပြည့်နှစ်ကတည်းက အစ္စလာမ်မစ်ပါတီများ၏ ပိတ်ဆို့မှုနှင့်ကြုံတွေ့နေရသည်။

**ခိုလှုံရာဖန်တီးပေးရန်ဖြစ်**

အဆိုပါဥပဒေကြမ်း အဓိကသော့ချက်မှာ အိမ်တွင်းအကြမ်းဖက်ခံရသူများကို ခိုလှုံရာဖန်တီးပေးရန်ပင်ဖြစ်သည်ဟု ရှေ့နေတစ်ဦးဖြစ်သူ မာဝေလ်အဲလီယိုအီက ပြောသည်။ လူထု၏ အမြင်ကိုလှုံ့ဆော်ပေးခြင်းမှာ တစ်ခုတည်းသော ရှေ့ဆက်နိုင်မည့်နည်းလမ်းဖြစ်နေသည်။

အသက် ၁၆နှစ် အရွယ် မာရီယံ၏အမှုမှာလည်း အလားတူပင်ဖြစ်သည်။ မာရီယံ၏နေအိမ်အတွင်းသို့ အမျိုးသားတစ်ဦးဝင်ရောက်ခဲ့ပြီး မာရီယံကို အက်စစ်ဖြင့်ပက်ခဲ့သည်။ မာရီယံ၏မိသားစုက လက်ထပ်ပေးဖို့အရေး လှည့်စားသည်ဟုဆိုကာ အက်စစ်ဖြင့်ပက်ခဲ့ခြင်းဖြစ်သည်။ ယင်းအမှုဖြစ်ပွားပြီး ခုနစ်လအကြာတွင် မီဒီယာများ၌ဖော်ပြခဲ့၍ တစ်နိုင်ငံလုံး စာနာသနားမှုများဖြစ်ပေါ်ခဲ့ရသည်။ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ သံသယရှိသူနှစ်ဦးကို ရဲများကဖမ်းဆီးခဲ့သည်။ မီဒီယာများ၏ ဖိအားပေးမှုမပါဘဲ ယင်းသို့လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ မာရီယံ၏အမှုမှာ တရားရုံးသို့မရောက်မီ အချိန်နှစ်နှစ်ကြာမြင့်ခဲ့သည်။

**ဖိအားပေးလက်ထပ်ပေးခြင်းခံရ**

မြောက်ပိုင်းကီကွတ်ပြည်နယ်တွင် လီနာဆိုသည့် အမျိုးသမီးလေးတစ်ဦးမှာ အသက် ၁၃ နှစ်အရွယ်၌ပင် ဖိအားပေးလက်ထပ်ပေးခြင်းခံခဲ့ရသည်။ ၎င်း၏ခင်ပွန်းသည်ဖြစ်သူမှာ ရိုက်နှက်နှိပ်စက်သည့်အတွက် အသက် ၂၅ နှစ်တွင် အဆိုပါအိမ်ထောင်ရေးမှ ရုန်းထွက်ရန်ကြိုးပမ်းခဲ့သည်ဟုလည်း ၎င်းကဆက်ပြောသည်။ လီနာဘက်မှ တိုင်တန်းမှုပြုလုပ်သည့်အခါ ၎င်း၏ခင်ပွန်းသည်ဖြစ်သူက ဆရာဝန်ထံမှ လီနာသည်စိတ်ပိုင်းဆိုင်ရာ မကျန်းမာသူတစ်ဦးဟု ထောက်ခံချက်ရရှိရန် ကြိုးပမ်းခဲ့သည်။

**တောင်းဆိုခဲ့**

ယင်းနောက် ဆရာဝန်က လီနာ၏ဒဏ်ရာများကို မြင်တွေ့သည့်အခါ အယ်လ်အမဲလ် အဖွဲ့အစည်းနှင့် ဆက်သွယ်မှုရရှိရန် ကြိုးပမ်းပေးခဲ့သည်။ ယခုအခါ ၎င်းသည်လည်း အယ်လ်အမဲလ်အဖွဲ့အစည်းတွင် အရေးပါသူဖြစ်လာပြီး အမျိုးသမီးအခွင့်အရေးအတွက် အမျိုးသမီးများပါဝင်လာရန် တောင်းဆိုခဲ့သည်။ ကွာရှင်းခွင့်ရရှိပြီး တရားရုံးမှထွက်ခွာသည့်အခါ အကျဉ်းထောင်မှလွတ်မြောက်လာသူတစ်ဦးကဲ့သို့ပင်ခံစားရကြောင်း လီနာက ၎င်း၏ခံစားချက်ကိုပြောပြသည်။

**“အီရတ်နိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုများ၌ အမျိုးသမီးများဘက်မှ အကာအကွယ်ပေးသည့် တိကျသည့်ဥပဒေမျိုးမရှိပေ။ လူ့အခွင့်အရေးအုပ်စုများသည် အိမ်တွင်းအကြမ်းဖက်မှုများအတွက် တရားဥပဒေအရအကာအကွယ်ပေးရန် ဥပဒေကြမ်းကို ပါလီမန်မှထောက်ခံချက်ရယူရန် ကြိုးစားနေကြသည်။ သို့သော်လည်း ၂၀၁၀ ပြည့်နှစ်ကတည်းက အစ္စလာမ်မစ်ပါတီများ၏ ပိတ်ဆို့မှုနှင့်ကြုံတွေ့နေရ”**

ကိုးကား - အေအက်ဖ်ပီ

# ဇန်နဝါရီ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉,၂၇၄ ဦးရှိ

(၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၅၅,၈၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၀၂၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၀၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၆၉၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၇၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၁-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၀,၈၁၆,၄၄၁) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၅,၅၇၁,၉၁၇) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၂၄၄,၅၂၄) ဦး ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၆,၃၈၈,၃၅၈) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၉) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၂၃) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၀၀) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၁၇၁) ခု | (၅၉) ဦး |
| စုစုပေါင်း | (၆,၉၀၇) ခု | (၇၉) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

(၁-၁-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၂၄၄,၅၂၄) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၅,၅၇၁,၉၁၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၀,၈၁၆,၄၄၁) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၆,၃၈၈,၃၅၈) ကြိမ် |

- **ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် (၂-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၄၀၃,၄၃၄) ဦး ရှိ၍ သေဆုံးသူ (၈၃) ဦး ရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများစသည့် ကမ္ဘာ့ဒေသ အသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၃၁) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။**
- **မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရသည့်လူနာများတွင် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများအရ ယူအေအီး နိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄) ဦး၏ ဓာတ်ခွဲ နမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရကြောင်း (၂၈-၁၂-၂၀၂၁) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။**
- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြား ထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေး စင်တာ (Treatment Center) များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင် ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

# ဦးတည်အုပ်စုများအလိုက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာ မရွေး အသက် ၄၀ အထက် ဒေသခံ ပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းပျဉ်းမြို့တို့၌ ဒေသခံပြည်သူ ၁၆၀ ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၄မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၈၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၈၀၉ ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၉၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၄၃၂ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၀၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၀၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဖင်လန်ပြည်သူ့သမ္မတနိုင်ငံ)

*ကိုအောင် (ရန်ကုန်)*

***ယမန်နေ့မှအဆက်***


တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ် အမည်များနှင့် ၎င်းတို့အတွက် အမှတ်စဉ်များပါရှိသည့် ကိုယ်စားလှယ်လောင်းစာရင်းချုပ် (Master List of Candidates) ကို ကြိုတင်မဲပေးရုံများတွင် ကပ်ထားသည်။ သက်ဆိုင်ရာ မဲရုံနှင့်ဆိုင်သည့် မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းစာရင်းကို ကြိုတင်မဲရုံအတွင်းရှိ ဆန္ဒပြုခန်း (Polling Booth) တွင် ကပ်ထားသည်။ မဲပေးပြီးသည့်အခါ မိမိရေးသားထားသည့် အမှတ်စဉ်ကို မမြင်စေရန် မဲလက်မှတ်ကိုခေါက်ပြီး ရွေးကောက်ပွဲအရာရှိထံတွင် တံဆိပ်တုံး ရိုက်နှိပ်ရသည်။ ယင်းမဲလက်မှတ်ကို အညိုရောင်စာအိတ်အတွင်းသို့ထည့်ပြီး နောက်တွင် မဲဆန္ဒရှင်က အပေါ်စာကို လက်မှတ်ရေးထိုးရသည်။ ရွေးကောက်ပွဲအရာရှိက မဲလက်မှတ် ထည့်သွင်းထားသည့် အညိုရောင်စာအိတ်ကို ချိပ်ပိတ်ပြီးနောက် ယင်းအပေါ်စာနှင့်အတူ အခြားစာအိတ်တစ်လုံးအတွင်းသို့ ထပ်မံထည့်သွင်းသည်။ အဆိုပါစာအိတ်များကို ကြိုတင်မဲပေးသူနေထိုင်သည့် မြူနီစီပယ်ရှိ ဗဟိုမြူနီစီပယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ထံသို့ ပေးပို့ရသည်။

**စာတိုက်မှတစ်ဆင့်ဆန္ဒမဲပေးခြင်း**

နိုင်ငံပြင်ပရောက် ဖင်လန်နိုင်ငံသားများအနေဖြင့် ကြိုတင်မဲ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်းမပြုနိုင်ပါက စာတိုက်မှတစ်ဆင့် မဲပေးနိုင်သည်။ စာတိုက်မှတစ်ဆင့် မဲပေးရန် လိုအပ်သောစာရွက်စာတမ်းများကို ရွေးကောက်ပွဲနေ့မတိုင်မီ သုံးလ ကြိုတင်တောင်းခံရသည်။ မဲဆန္ဒရှင်သည် မိမိ၏အိမ်တွင် အနည်းဆုံး သက်သေ နှစ်ဦးထားရှိကာ မဲပေးနိုင်ပြီး ယင်းသက်သေ နှစ်ဦးက အဆိုပါဆန္ဒမဲသည် လွတ်လပ်စွာ လျှို့ဝှက်မဲပေးခြင်းဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပေးရသည်။ ဆန္ဒပြုပြီးသည့် မဲလက်မှတ်ကို ချိပ်ပိတ်ပြီး မဲလက်မှတ်စာအိတ်အတွင်းသို့ ထည့်သွင်းရသည်။ မဲဆန္ဒပြုပြီးကြောင်း အပေါ်စာကို ဖြည့်ပြီး ယင်းအပေါ်စာနှင့်အတူ မဲလက်မှတ်စာအိတ်ကို အခြားစာအိတ်တစ်ခုအတွင်းသို့ထည့်ကာ ချိပ်ပိတ်ပြီးနောက် ဖင်လန်နိုင်ငံအတွင်း ၎င်းနေထိုင်ရာ မြူနီစီပယ်ရှိ ဗဟိုမြူနီစီပယ် ရွေးကောက်ပွဲဘုတ်အဖွဲ့ထံ ပြန်လည်ပေးပို့ရသည်။ စာတိုက်မှတစ်ဆင့်ပေးသည့် ဆန္ဒမဲများကို ရွေးကောက်ပွဲနေ့မတိုင်မီ သောကြာနေ့တွင် ဖင်လန်နိုင်ငံသို့ ရောက်ရှိရန် မဲဆန္ဒရှင်က တာဝန်ယူဆောင်ရွက်ရသည်။

**ရွေးကောက်ပွဲနေ့တွင် ဆန္ဒမဲပေးခြင်း**

မဲရုံများကို နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်သည်။ မြူနီစီပယ်တစ်ခုစီတွင် အနည်းဆုံး မဲရုံတစ်ရုံရှိပြီး ပျမ်းမျှအားဖြင့် မဲရုံ ၂၀၀၀ ခန့်ရှိသည်။ မဲဆန္ဒရှင်များသည် ၎င်းတို့အမည်ပါရှိရာ မဲရုံတွင်သာ မဲပေးရပြီး ယင်းမဲရုံအမည်မှာ ရွေးကောက်ပွဲမတိုင်မီ ၎င်းတို့ထံ ပေးပို့ထားသော မဲပေးကတ်တွင် ဖော်ပြပါရှိသည်။ မဲရုံတစ်ရုံလျှင် အဖွဲ့ဝင် ငါးဦးစီပါသော ရွေးကောက်ပွဲဘုတ်အဖွဲ့က ကြီးကြပ်ဆောင်ရွက်သည်။ မဲရုံသို့ရောက်သည့်အခါ သက်သေခံကတ်ပြား ပြသရပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူဟုတ်/မဟုတ်၊ ကြိုတင်မဲပေးထားခြင်း ရှိ/မရှိကို စစ်ဆေးပြီးနောက်တွင် မဲလက်မှတ်ထုတ်ပေးသည်။ မဲဆန္ဒရှင်များသည် မဲရုံအတွင်းရှိ ဆန္ဒပြုခန်း (Polling Booth) သို့ သွားရောက်ကာ မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ နံပါတ်ကို မဲလက်မှတ်ပေါ်တွင် ရေးသားရသည်။ မဲဆန္ဒနယ်အမည်များနှင့် ၎င်းတို့အတွက် အမှတ်စဉ်များပါရှိသည့် ကိုယ်စားလှယ်လောင်းစာရင်းချုပ် (Master List of Candidates) ကို မဲရုံအတွင်းရှိ ဆန္ဒပြုခန်း (Polling Booth)တွင် ကပ်ထားသကဲ့သို့ မဲရုံအတွင်း အခြားသော သင့်လျော်ရာနေရာတွင်လည်း ကပ်ထားသည်။ မဲပေးပြီးသည့်အခါ မိမိရေးသားထားသည့် အမှတ်စဉ်ကို မမြင်စေရန် မဲလက်မှတ်ကိုခေါက်ပြီး ရွေးကောက်ပွဲဘုတ်အဖွဲ့ဝင်ထံတွင် တံဆိပ်တုံး ရိုက်နှိပ်ပြီးနောက် မဲရုံအတွင်းရှိ မဲပုံးအတွင်းသို့ ထည့်သွင်းရသည်။





ရွေးကောက်ပွဲရလဒ်များအပေါ်ကိုယ်စားလှယ်နေရာရရှိပုံတွက်ချက်မှုဇယား

**မဲရလဒ်များစုစည်းရေတွက်ခြင်းနှင့် ထုတ်ပြန် ကြေညာခြင်း**

ရွေးကောက်ပွဲဆိုင်ရာကော်မတီသည် ရွေးကောက်ပွဲနေ့၌ ၁၅:၀၀ နာရီအချိန် (အထူးအခြေအနေများ၌ နေ့လယ် ၁၂:၀၀ နာရီ)တွင် စတင်ပြီး ကြိုတင်မဲများ၊ စာတိုက်မဲများကို ရေတွက်သည်။ ဗဟိုမြူနီစီပယ်ရွေးကောက်ပွဲဘုတ်အဖွဲ့များထံမှ ပေးပို့လာသော ကြိုတင်မဲပါရှိသည့် စာအိတ်အညိုများကို ဖွင့်ဖောက်ရေတွက်ခြင်းဖြစ်သည်။ ည ၈:၀၀ နာရီ၌ မဲရုံမပိတ်မီ ကြိုတင်မဲရလဒ်များ အဆင်သင့်ဖြစ်နေရန် ယင်းကဲ့သို့ရေတွက်ခြင်းဖြစ်ပြီး ယင်းအချိန်မတိုင်မီ မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မတီများသည် မည်သည့် ရေတွက်စစ်ဆေးမှုကိုမျှ ပြုလုပ်ခွင့်မရှိပါ။

ရွေးကောက်ပွဲကျင်းပသည့်နေ့၏ ည ၈:၀၀ နာရီ၌ မဲရုံပိတ်ပြီးသည့်အခါ မဲလက်မှတ်များကို ကနဦးအဆင့် စတင်ရေတွက်ပြီး ရွေးကောက်ပွဲဘုတ်အဖွဲ့က ဗဟိုမြူနီစီပယ် ရွေးကောက်ပွဲဘုတ်အဖွဲ့များထံ သက်ဆိုင်ရာမဲဆန္ဒ နယ်အလိုက် ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိသည့် မဲအရေအတွက်များကို အကြောင်းကြားရသည်။ ဗဟိုမြူနီစီပယ်ရွေးကောက်ပွဲ ဘုတ်အဖွဲ့က အဆိုပါမဲရလဒ်များအား ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်သော ရွေးကောက်ပွဲဆိုင်ရာ အချက် အလက်စနစ် (Election Information System) ရှိ တွက်ချက်မှုစနစ်အတွင်းထည့်သွင်းသည်။ ရွေးကောက်ပွဲဘုတ်အဖွဲ့က မဲလက်မှတ်များကို ထုပ်ပိုးပြီး မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မတီထံ ချက်ချင်းပို့ဆောင်ရသည်။ ကနဦး ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲနေ့ ညတွင် သိရှိနိုင်ပြီး မဲရုံပိတ်သည်နှင့် တစ်ပြိုင်နက် ကြိုတင်မဲရလဒ်များကို ကြေညာသည်။

မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မတီသည် မဲလက်မှတ်များအား ရွေးကောက်ပွဲပြီးနောက်တစ်နေ့ (တနင်္လာနေ့) နံနက် ၉:၀၀ နာရီတွင် ပြန်လည်ရေတွက်ပြီး ဗုဒ္ဓဟူးနေ့ ညနေ ၁၈:၀၀ နာရီမတိုင်မီ အပြီးရေတွက်ရသည်။ ယင်းနေ့တွင်ပင် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် နောက်ဆုံးမဲရလဒ်များကို မဲဆန္ဒနယ်ဆိုင်ရာရွေးကောက်ပွဲကော်မတီက အတည်ပြုရပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား အသိအမှတ်ပြုလွှာများ ထုတ်ပေးသည်။




၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် ပါတီအလိုက် ကိုယ်စားလှယ်နေရာရရှိမှု အခြေအနေ

ရွေးကောက်ပွဲရလဒ်များအပေါ် D'Hondt စနစ်ဖြင့် တွက်ချက်ပြီး ကိုယ်စားလှယ်နေရာများအား သတ်မှတ်ရွေးချယ်သည်။ ပထမအဆင့်အနေဖြင့် နိုင်ငံရေးပါတီတစ်ခုချင်းစီ၊ နိုင်ငံရေးပါတီမဟာမိတ်တစ်ဖွဲ့စီ၊ ပူးပေါင်းစာရင်းတစ်ခုစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အသင်းအဖွဲ့များအလိုက် အုပ်စု လေးမျိုးခွဲပြီး ၎င်းတို့ရရှိသော မဲများကို စုစည်းရေတွက်သည်။ ဒုတိယအဆင့်အနေဖြင့် အုပ်စုတစ်ခုချင်းစီ၌ ရရှိသောဆန္ဒမဲအရေအတွက်အလိုက် အဆင့်များ သတ်မှတ်သည်။ တတိယအဆင့်အနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် အုပ်စုအလိုက်ရရှိသော မဲအရေအတွက်အလိုက် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းအမည်စာရင်း အစီအစဉ်အတိုင်း ပထမနေရာရှိကိုယ်စားလှယ်လောင်းအား မဲအားလုံးကိုလည်းကောင်း၊ ဒုတိယနေရာရှိ ကိုယ်စားလှယ်လောင်းအား မဲအရေအတွက် ထက်ဝက်ကိုလည်းကောင်း၊ တတိယနေရာရှိ ကိုယ်စားလှယ်လောင်းအား မဲအရေအတွက် သုံးပုံတစ်ပုံကိုလည်းကောင်း၊ စတုတ္ထနေရာရှိ ကိုယ်စားလှယ်လောင်းအား မဲအရေအတွက် လေးပုံတစ်ပုံကိုလည်းကောင်း စသည်ဖြင့် ခွဲဝေပြီး အဆင့်များသတ်မှတ်သည်။ နောက်ဆုံးအဆင့်အနေဖြင့် အုပ်စုလေးစုရှိကိုယ်စားလှယ်လောင်းများ၏ မဲရရှိမှုအဆင့်အလိုက် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်နေရာများရရှိမှုအရေအတွက်ကို သတ်မှတ်သည်။


**ကျင်းပပြီးစီးခဲ့သော လွှတ်တော်ရွေးကောက်ပွဲများ**

၁၉၀၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း လွှတ်တော်ရွေးကောက်ပွဲစုစုပေါင်း ၃၈ ကြိမ် ကျင်းပခဲ့သည်။ ၃၈ ကြိမ်မြောက်လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၄ ရက်တွင် ကျင်းပခဲ့သည်။ မဲပေးခွင့်ရှိသူ ၄၅၁၀၀၄၀ အနက် မဲပေးသူ ၃၀၉၉၇၆၀ ရှိပြီး မဲပေးမှု ၇၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည်။ ဖင်လန်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရာတွင် ပထမဆုံးအကြိမ်အဖြစ် မည်သည့်နိုင်ငံရေးပါတီကမျှ စုစုပေါင်းဆန္ဒမဲများ၏ ၂၀ ရာခိုင်နှုန်းနှင့်အထက် မရရှိခဲ့ကြပေ။ The Social Democratic Party ပါတီက စုစုပေါင်းဆန္ဒမဲ ၅၄၆၄၇၁ (၁၇ ဒသမ ၇ ရာခိုင်နှုန်း)၊ The Finns Party ပါတီက ၅၃၈၈၀၃ မဲ (၁၇ ဒသမ ၅ ရာခိုင်နှုန်း)၊ The National Coaliation ပါတီက ၅၂၃၉၅၇ မဲ (၁၇ ရာခိုင်နှုန်း)၊ The Centre Party ပါတီက ၄၂၃၉၂၀ မဲ (၁၃ ဒသမ ၈ ရာခိုင်နှုန်း) စသည်ဖြင့်သာ အသီးသီး ရရှိခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် ယခင်က လွှတ်တော်အတွင်းတွင် ကိုယ်စားလှယ်နေရာရရှိခဲ့ခြင်းမရှိသည့် နိုင်ငံရေးပါတီများအပေါ် ထောက်ခံမဲပေးမှုမြင့်တက်ခဲ့ပြီး ယခင်ရွေးကောက်ပွဲများတွင် ၎င်းပါတီများအပေါ် မဲပေးမှု၏ ၅ ရာခိုင်နှုန်းပိုမို မဲပေးခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

၂၀၂၃ ခုနှစ်တွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲများအတွက် လျာထားအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၂၀၂၁ ခုနှစ်မှ ၂၀၃၅ ခုနှစ်အထိ ရွေးကောက်ပွဲများကျင်းပမည့် လျာထားအစီအစဉ်

**"ဖင်လန်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၁၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးနောက် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးမှု လျင်မြန်စွာတိုးတက်ခဲ့သည်။ ဖင်လန်နိုင်ငံသည် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation-PR)ကို ကျင့်သုံးခြင်းဖြင့် ပါတီများအနေဖြင့် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းကာ တစ်ပါတီ ကြီးစိုးမှုမရှိဘဲ အစိုးရအဖွဲ့တွင် ပါတီအများစုပိုမို ပါဝင်လာသည်။ ၂၀၀၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းပြီးနောက်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချနိုင်ပြီး လွှတ်တော်၏အခန်းကဏ္ဍကို ပိုမိုအားကောင်းလာစေသည်"**

**သမ္မတရွေးကောက်ပွဲများ**

သမ္မတရွေးကောက်ပွဲများကို ခြောက်နှစ်တစ်ကြိမ်ကျင်းပပြီး သမ္မတအဖြစ် တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ရွေးချယ်ခွင့်ရှိသည်။ သမ္မတရွေးကောက်ပွဲကို ပုံမှန်အားဖြင့် အဆင့် နှစ်ဆင့်ဖြင့် ရွေးချယ်သည်။ ပထမအဆင့်၌ ၅၀ ရာခိုင်နှုန်းနှင့် အထက်ရရှိသော ကိုယ်စားလှယ်လောင်းမရှိပါက ဒုတိယအဆင့် ရွေးကောက်ပွဲကို ကျင်းပသည်။ ပထမအဆင့် ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိသူ နှစ်ဦးသာ ဒုတိယအဆင့်ရွေးကောက်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ရသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသည့် ဖင်လန်နိုင်ငံသားတိုင်း သမ္မတရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိပြီး နိုင်ငံပြင်ပရောက် ဖင်လန်နိုင်ငံသားများလည်း မဲပေးခွင့်ရှိသည်။ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားပြီးသည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒနယ်အသင်းအဖွဲ့များအဖြစ် တည်ထောင်ထားသူများက သမ္မတလောင်းအမည်စာရင်းများကို တင်သွင်းခွင့်ရှိသည်။ သမ္မတလောင်းသည် ဖင်လန်နိုင်ငံသားစစ်စစ် ဖြစ်ရသည်။

**မြူနီစီပယ်ရွေးကောက်ပွဲများ**

မြူနီစီပယ်ကောင်စီအဖွဲ့ဝင်များအား ရွေးချယ်သည့် မြူနီစီပယ်ရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ်ကျင်းပပြီး မြူနီစီပယ်အဖွဲ့ဝင် (Municipal Councilors) အရေအတွက်မှာ မြူနီစီပယ်အတွင်းရှိ လူဦးရေအပေါ်မူတည်သည်။ အသက် ၁၈ နှစ်ပြည့်ပြီး ဖင်လန်နိုင်ငံအတွင်းရှိ မြူနီစီပယ် တစ်ခုခုတွင် နေထိုင်သည့်ဖင်လန်နိုင်ငံသားများ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ၊ အိုက်စ်လန်နိုင်ငံနှင့် နော်ဝေနိုင်ငံသားများ မဲပေးခွင့်ရှိသည်။ ထို့အပြင် ဖင်လန်နိုင်ငံအတွင်းတွင် တစ်ဆက်တစ်စပ်တည်း နှစ်နှစ်ကြာနေထိုင်သည့် အခြားနိုင်ငံများမှ နိုင်ငံသားများလည်း မဲပေးခွင့်ရှိသည်။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားပြီးသည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒနယ်အသင်းအဖွဲ့များအဖြစ် တည်ထောင်ထားသူများက ကိုယ်စားလှယ်လောင်းအမည်စာရင်းများအား တင်သွင်းခွင့်ရှိသည်။ သက်ဆိုင်ရာမြူနီစီပယ် ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိသူ၊ သက်ဆိုင်ရာ မြူနီစီပယ်အတွင်း နေထိုင်သူ၊ တစ်ပါးသူ၏ စောင့်ကြည့်အုပ်ချုပ်မှုအောက်မရှိသူများသာ ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

**ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ ဖြေရှင်းခြင်း**

သမ္မတရွေးကောက်ပွဲရလဒ်များအပေါ် အယူခံတင်သွင်းခွင့်မရှိဘဲ အခြားသော ရွေးကောက်ပွဲများအပေါ် အယူခံတင်သွင်းလိုပါက ရွေးကောက်ပွဲရလဒ်များကြေညာပြီးနောက် ၁၄ ရက်အတွင်း အုပ်ချုပ်မှုဆိုင်ရာတရားရုံးတွင် အယူခံတင်သွင်းနိုင်သည်။ တရားဥပဒေနှင့်မညီသော ဆုံးဖြတ်ချက်များ အယူခံတင်သွင်းလိုပါက ယင်းဆုံးဖြတ်ချက်ကြောင့် အကျိုးစီးပွား သို့မဟုတ် အခွင့်အရေးထိခိုက်နစ်နာသူ၊ ကိုယ်စားလှယ်လောင်းနှင့် နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်သည့် ပူးပေါင်းစာရင်းတွင်ပါရှိသူများက လည်းကောင်း၊ ရွေးကောက်ပွဲအား မမှန်ကန်သောနည်းလမ်းဖြင့် ကျင်းပခဲ့သည်ဟု အယူခံတင်သွင်းလိုပါက မဲဆန္ဒရှင် သို့မဟုတ် မြူနီစီပယ်တစ်ခုခုအတွင်းတွင် နေထိုင်သူကလည်းကောင်း အယူခံတင်သွင်းခွင့်ရှိသည်။

ရွေးကောက်ပွဲအာဏာပိုင်တစ်ရပ်ရပ်၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီသည်ကို လည်းကောင်း၊ ယင်းဆုံးဖြတ်ချက်ကြောင့် ရွေးကောက်ပွဲရလဒ်အား သက်ရောက်မှုရှိသည်ကို လည်းကောင်း စစ်ဆေးတွေ့ရှိပါက ရွေးကောက်ပွဲရလဒ်ကို ပြင်ဆင်သည်။ ရွေးကောက်ပွဲရလဒ်များအား ပြင်ဆင်ရန်မဖြစ်နိုင်ပါက သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် သက်ဆိုင်ရာ ရွေးကောက်ပွဲအလိုက် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပသည်။ အုပ်ချုပ်ရေးဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အုပ်ချုပ်ရေးဆိုင်ရာ တရားလွှတ်တော်ချုပ်ထံ အယူခံတင်သွင်းနိုင်သည်။

လွှတ်တော်ရွေးကောက်ပွဲများနှင့် ဥရောပသမဂ္ဂရွေးကောက်ပွဲများကို ပြန်လည်ကျင်းပခဲ့ရမှုမရှိသော်လည်း ၁၉၇၂ ခုနှစ်တွင် မြူနီစီပယ် တစ်ခု၊ ၁၉၈၀ ပြည့်နှစ်တွင် မြူနီစီပယ် တစ်ခုနှင့် ၂၀၀၈ ခုနှစ်တွင် မြူနီစီပယ် သုံးခု၌ ရွေးကောက်ပွဲများ ပြန်လည်ကျင်းပခဲ့သည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

ဖင်လန်နိုင်ငံတွင် ဥပဒေရေးရာဝန်ကြီးဌာနသည် ရွေးကောက်ပွဲများအား စီမံခန့်ခွဲကျင်းပရာတွင် တာဝန်အရှိဆုံးနှင့် အမြင့်ဆုံးဖြစ်သည်။ ဒေသန္တရရွေးကောက်ပွဲအာဏာပိုင်များတွင် မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မတီ ၁၃ ခု၊ မြူနီစီပယ်ရွေးကောက်ပွဲဘုတ်အဖွဲ့ ၃၁၀၊ ရွေးကောက်ပွဲဘုတ်အဖွဲ့ ၂၀၀၀ ခန့်၊ ရွေးကောက်ပွဲဆိုင်ရာကော်မရှင် ၅၀၀ ခန့်နှင့် ကြိုတင်မဲပေးရုံများတွင် ခန့်ထားသည့် ရွေးကောက်ပွဲအရာရှိ ၁၀၀၀ ခန့် ပါရှိသည်။ ရွေးကောက်ပွဲအာဏာပိုင်များတွင် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် တာဝန်ရှိသည့် လူဦးရေစာရင်းပြုစုရေးအေဂျင်စီ (Digital and Population Data Services Agency) လည်း ပါဝင်ပြီး နိုင်ငံပြင်ပကြိုတင်မဲပေးမှုကို တာဝန်ယူရသည့် နိုင်ငံခြားရေးဝန်ကြီးဌာနလည်း ပါဝင်သည်။

**ဖင်လန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ**

ဖင်လန်နိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားပြီး ဖင်လန်နိုင်ငံသည် အချိုးကျဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ ဖင်လန်နိုင်ငံ၏ ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၁၉ ခုနှစ် ဇူလိုင်လ ၁၇ ရက်က အတည်ပြုခဲ့ပြီး လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၀ ပြည့်နှစ် မတ်လ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ကာ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်တွင် ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

ဖင်လန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေတစ်ခုတည်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့် သတ်မှတ်ထားသည့် ဥပဒေလေးမျိုးပေါင်းစည်းထားခြင်းဖြစ်သည်။ အရေးအပါဆုံးဥပဒေမှာ ၁၉၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ (Constitution Act of 1919)ဖြစ်သည်။ ဒုတိယမြောက် အခြေခံအကျဆုံး ဥပဒေမှာ ၁၉၀၆ လွှတ်တော်အက်ဥပဒေကို ပြင်ဆင်ထားသည့် ၁၉၂၈ ခုနှစ် လွှတ်တော်အက်ဥပဒေ (Parliament Act of 1928) ဖြစ်သည်။ အခြားဥပဒေနှစ်ခုမှာ ဝန်ကြီးများ၏ တာဝန်ဝတ္တရားများအက်ဥပဒေ ( Responsibility of Ministers Act) နှင့် ဗဟိုတရားရုံး၏စွပ်စွဲပြစ်တင်ခြင်းအက်ဥပဒေ ( High Court of Impeachment Act) ဖြစ်သည်။ Aland ဒေသဆိုင်ရာ အခြားဥပဒေနှစ်ရပ်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်သတ်မှတ်ထားကာ Act of 1951 နှင့် Law of 1975 တို့ဖြစ်သည်။

**နိဂုံး**

ဖင်လန်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၁၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးနောက် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးမှု လျင်မြန်စွာတိုးတက်ခဲ့သည်။ **ဖင်လန်နိုင်ငံသည် အချိုးကျကိုယ်စားပြုစနစ်(Proportional Representation–PR)ကို ကျင့်သုံးခြင်းဖြင့် ပါတီများအနေဖြင့် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းကာ တစ်ပါတီ ကြီးစိုးမှုမရှိဘဲ အစိုးရအဖွဲ့တွင် ပါတီအများစုပိုမို ပါဝင်လာသည်။** ဖင်လန်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းပြီးနောက်တွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်ပြီး လွှတ်တော်၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းလာစေသည်။ ဖင်လန်နိုင်ငံ၏ ရွေးကောက်ပွဲကျင်းပခြင်းလုပ်ငန်းစဉ်များကို လေ့လာရာတွင် အခန်းကဏ္ဍအလိုက် သက်ဆိုင်သောဝန်ကြီးဌာန/အဖွဲ့အစည်းများက တာဝန်ခွဲဝေ၍ ရွေးကောက်ပွဲအောင်မြင်စေရေး ဟန်ချက်ညီညီ ဆောင်ရွက်ကြသည်ကိုတွေ့ရသည်။ ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတင်သွင်းသည့် အမျိုးအစားလေးမျိုးဖြင့် သီးခြားစီရေတွက်၍ ရရှိသည့်ဆန္ဒမဲအရေအတွက်အပေါ် အဆင့်လိုက်ခွဲ၍ သတ်မှတ်ခြင်းဖြင့် လွှတ်တော်အတွင်း ပါတီအားလုံး ပါဝင်လာနိုင်သည်ကို တွေ့ရသည်။

ဖင်လန်နိုင်ငံတွင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ခဲ့မှုများကို သိရှိလေ့လာသုံးသပ်နိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား**

https://en.wikipedia.org/wiki/Finland
https://aceproject.org/ero-en/regions/europe/FI/finland-election-system-overview/view
https://www.infofinland.fi/en/information-about-finland/finnish-society/elections-in-finland
https://en.wikipedia.org/wiki/Elections_in_Finland
https://www.electionguide.org/elections/id/3125/
https://en.wikipedia.org/wiki/Parliament_of_Finland
https://vaalit.fi/en/frontpage
https://vaalit.fi/documents/5430845/7533147/Election+Act+714.pdf/1d551aba-bd8b-40bb-bb9e-8388a953b53e/Election+Act+714.pdf?t=1576233012000
https://vaalit.fi/en/county-elections
https://www.osce.org/files/f/documents/9/c/359301_1.pdf

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများလှူဒါန်း



နေပြည်တော် ဇန်နဝါရီ ၂

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ဓမ္မသစ္စာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅) ရပ်ကွက်ရှိ အောင်ခေမာတွံတေးကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ မစိုးရိမ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မဏိရတနာရာမကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ မဟာဂန္ဓာရုံ အေးရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် အတုမရှိတိုက်ရွှေကျောင်းနှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ သာသနာ့ဟိတကာရီ တပ်ဦးဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။ **(အောက်ပုံ)**



ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဇဟိုကာကွယ်ဆေးသိုလှောင်ခန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၌ ထားရှိသော ဆေးများကို ပုသိမ်မြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက် ထိုးနိုင်သော Sinopharm ဆေး ၁၀၉၆ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၆၅၀၀၊ ဆေးတစ်လုံးလျှင် (၁၁) ယောက် ထိုးနိုင်သော Covishield ဆေး ၃၀၉၁၀၊ ရန်ကုန်မြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၇၈၉ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက် ထိုးနိုင်သော Sinovac ဆေး ၅၉၀၇၆ လုံး၊ ဆေးတစ်လုံးလျှင် (၁၁)ယောက်ထိုးနိုင်သော Covishield ဆေး ၃၅၅၄၆ လုံး၊ နေပြည်တော် ကောင်စီနယ်မြေသို့ ဆေးတစ်လုံးလျှင် ငါးယောက် ထိုးနိုင်သော Sinopharm ဆေး ၁၂၆၄ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက် ထိုးနိုင်သော Sinovac ဆေး ၂၇၅၆ လုံး၊ ဆေးတစ်လုံးလျှင် (၁၁) ယောက်ထိုးနိုင်သော Covishield ဆေး ၂၉၃၇ လုံး၊ တောင်ကြီးမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက် ထိုးနိုင်သော Sinopharm ဆေး အလုံး ၃၀၀၊ ဆေးတစ်လုံးလျှင် နှစ်ယောက် ထိုးနိုင်သော Sinovac ဆေး ၁၀၀၀၈ လုံး၊ ဆေးတစ်လုံးလျှင် (၁၁) ယောက် ထိုးနိုင်သော Covishield ဆေး ၁၃၆၃၇ လုံး၊ ဘားအံမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၃၇ လုံး၊ ဆေးတစ်လုံးလျှင် (၁၁)ယောက် ထိုးနိုင်သော Covishield ဆေး ၉၇၃၇လုံး၊ မော်လမြိုင်သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး အလုံး ၃၀၆ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက် ထိုးနိုင်သော Sinovac ဆေး ၄၀၀၀၊ ဆေးတစ်လုံးလျှင် (၁၁) ယောက်ထိုးနိုင်သော Covishield ဆေး ၄၅၄၆ လုံး၊ ပဲခူးမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက် ထိုးနိုင်သော Sinopharm ဆေး ၁၀၁၅ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက်ထိုးနိုင်သော Sinovac ဆေး ၉၅၉၂၈ လုံး၊ ဆေးတစ်လုံးလျှင် (၁၁) ယောက်ထိုးနိုင်သော Covishield ဆေး ၁၃၉၁၀၊ ပြည်မြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၁၀၁၅ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက် ထိုးနိုင်သော Sinovac ဆေး ၅၄၀၇၂ လုံး၊ ဆေးတစ်လုံးလျှင် (၁၁) ယောက်ထိုးနိုင်သော Covishield ဆေး ၉၂၇၃ လုံး၊ မကွေးမြို့သို့ ဆေးတစ်လုံးလျှင် ငါးယောက်ထိုးနိုင်သော Sinopharm ဆေး ၈၉၆ လုံး၊ ဆေးတစ်လုံးလျှင် နှစ်ယောက် ထိုးနိုင်သော Sinovac ဆေး ၁၁၉၂၅ လုံး၊ ဆေးတစ်လုံးလျှင် (၁၁) ယောက်ထိုးနိုင်သော Covishield ဆေး ၉၀၉၁ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၈၆၄၅၁၉ | ၄၁၅၁၈၄၇၂ | ၈၄၇၁၆၂ |
| ၂။ | အိန္ဒိယ | ၃၄၈၈၉၁၃၂ | ၃၄၂၈၄၅၆၁ | ၄၈၁၇၇၀ |
| ၃။ | ဘရာဇီး | ၂၂၂၉၁၅၀၇ | ၂၁၅၆၇၈၄၅ | ၆၁၉၁၃၉ |
| ၄။ | ပြင်သစ် | ၁၃၁၀၀၄၅၈ | ၁၀၃၆၅၂၆၂ | ၁၄၈၇၇၈ |
| ၅။ | ရုရှား | ၁၀၅၃၇၉၆၆ | ၉၅၂၄၀၃၉ | ၃၁၀၅၁၈ |
| ၆။ | ပြင်သစ် | ၁၀၁၉၁၉၂၆ | ၈၁၃၄၈၄၁ | ၁၂၃၈၅၁ |
| ၇။ | တူရကီ | ၉၅၁၉၂၈၁ | ၉၀၈၆၆၃၇ | ၈၂၅၀၆ |
| ၈။ | ဂျာမနီ | ၇၁၉၆၁၅၄ | ၆၄၄၁၀၀၀ | ၁၁၂၈၂၆ |
| ၉။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |
| ၁၀။ | အီတလီ | ၆၂၆၆၉၃၉ | ၅၁၀၇၇၂၉ | ၁၃၇၅၁၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂-၁-၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၃၁၆၈ | ၄၁၁၄၆၈၉ | ၁၄၄၀၉၇ |
| ဖိလစ်ပိုင် | ၂၈၅၁၉၃၁ | ၂၇၇၈၉၄၃ | ၅၁၅၇၀ |
| မလေးရှား | ၂၇၆၁၄၇၂ | ၂၆၈၈၉၂၅ | ၃၁၅၁၃ |
| ထိုင်း | ၂၂၉၅၅၈ | ၂၁၇၄၇၃၀ | ၂၁၇၂၀ |
| ဗီယက်နမ် | ၁၇၆၃၀၄၀ | ၁၃၇၂၆၉၆ | ၃၂၈၃၁ |
| မြန်မာ | ၅၃၁၀၂၅ | ၅၀၈၆၉၆ | ၁၉၂၇၄ |
| စင်ကာပူ | ၂၇၉၈၆၁ | ၂၇၆၀၃၃ | ၈၂၉ |
| ကမ္ဘောဒီးယား | ၁၂၀၅၁၀ | ၁၁၆၉၄၀ | ၃၀၁၃ |
| လာအို | ၁၁၂၇၆၇ | ၁၀၃၂၆၅ | ၃၈၀ |
| ဘရူနိုင်း | ၁၅၄၇၀ | ၁၅၂၇၂ | ၉၈ |

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁-၂၀၂၂ တနင်္လာနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၆:၁၅** နှစ်သစ်ကူးတရားအလှူတော်မင်္ဂလာသဘင်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ
**၀၉:၄၀** မွေးမြူရေးရာအဖြာဖြာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမုန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၅၀)
**၁၃:၁၀** (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဝတ်ပြုအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၅:၃၀** (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဝတ်ပြုအစီအစဉ်
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဝတ်ပြုအစီအစဉ်
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါဏ်ဒါး အချစ်ချိုချို**' (အပိုင်း-၁၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဝတ်ပြုအစီအစဉ်
**၂၁:၃၅** (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဝတ်ပြုဇာတ်လမ်း
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အဝေးဆုံးသောနေရာ**' (အပိုင်း-၁၃)
**၁၇:၁၅** This Week's Special Interest

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

**07:01** News
**07:08** Ecotourism: Tour to explore
**07:21** Will you feed the pigeons?
**07:27** Bottle Gourd Painting
**07:32** Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
**08:01** Shrinking Footprints
**08:27** Myanmar Tradition of Lotus Flower
**08:48** Let's Taste Delicious Insects
**09:01** News
**09:26** Global Partnership for Brighter Future: Mongolia Pavilion at Expo 2020 Dubai
**09:32** Traditional Chin Clothes
**09:38** Archery Session (from Ramayana Play)
**10:01** Dhamma Set Taw (Sein Lei Lei)

### MRTV NRC

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပုသိမ်ထီးလုပ်ငန်း
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သာယာလှပဝင်းကျော်ဒေသ
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ပဲရင်းထောင်းနဲ့နွားနောက်သားကြော်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အမိမြန်မာပြည်(အပိုင်း-၁)
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရေချောတိုင်တက်ပွဲအကြောင်း
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
" ဝ " ရိုးရာခေါ်ပုတ်ထောင်းနည်း
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာ ရိုးရာအိမ်ကလေး
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကော်ယော်မိုနဒေသသို့

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အမွေ'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊
**Education Channel** ကို စနေ၊ တနင်္ဂနွေမှအပ
နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | PO – Azithro-mycin 500 mg | 5x3's | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O –Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levo-floxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် ဇန်နဝါရီ ၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဇန်နဝါရီ ၂ ရက်၌ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုတို့မှ Sai Vitamin C Injection ၃၄၂၈၀၊ Glucose Injection ၁၉၇၀၄ ခု၊ Sai Ibufen Tablet ၇၅၆၀၊ Paracetamol Tablet ၃၅၇၀၊ Calcium Gluconate Injection ၃၈၄၀၊ Cimetidine Injection ၃၂၄၀၊ Pal Diclo Injection ၃၃၃၆ ခု၊ Oximeter ၃၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၁ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၆/၁၃၄၅ ကျပ် | ၁၃၄၀/၁၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၄၀/၁၃၆၀ ကျပ် | ၁၃၉၀/၁၄၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၉၀/၁၄၂၅ ကျပ် | ၁၄၉၅/၁၅၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၀၀ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၄၀၀ | ၅၂ | ၄၃၂၁၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၇၆ | ၂၃၅၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၇၉ | ၁၅၄၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၉၈၆ | ၅၁၆၃၆၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဆည်ရေဖြင့် ပိုမိုစိုက်ပျိုး လူမှုစီးပွားဖွံ့ဖြိုး

မောင်တာရာ



ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံအတွင်း ယခုနှစ် ရေသိုလှောင်ထားမှုနှင့် ရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။

ဆည်ရေဖြင့်စိုက်ပျိုးထားသော စပါးစိုက်ခင်းများနှင့် ပဲတီစိမ်းစိုက်ခင်းများကို စိမ်းစိုနက်မှောင်သန်စွမ်းလျက် တွေ့မြင်ရသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းသည့်ဒေသ၌ မိုးရာသီ မဟုတ်သော်လည်း အဆိုပါစိုက်ခင်းများသို့ ရေပေးဝေရန် သွယ်တန်းထားသည့် မြောင်းမကြီးများတွင် ရေအပြည့်စီးဆင်းလျက်ရှိသည်ကို တွေ့မြင်ရသည်။ တောင်သူများက ထိုရေကို ရေပိုက်များဖြင့် ရယူကာ စိုက်ခင်းများကို ရေသွင်း၍ စိုက်ပျိုးနေကြခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မူးမြစ်ကို တမံပြုလုပ် ရေလှောင်သည်။ နှစ်စဉ် ရေပေးဝေနေသော သဖန်းဆိပ်ဆည်ရေလှောင်တမံမှ ဆည်ရေရယူကာ စိုက်ပျိုးဖြစ်ထွန်းနေခြင်းဖြစ်သည်။

သဖန်းဆိပ်ဆည်မှ ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ တန့်ဆည်၊ ဒီပဲယင်း၊ ဘုတလင်၊ အရာတော်၊ ရေဦးနှင့် စစ်ကိုင်း ၁၀ မြို့နယ်ရှိ စိုက်ဧကများကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

သဖန်းဆိပ်ဆည်မှ မိုးစပါး စိုက်ဧက ငါးသိန်းနှင့် နွေစပါး စိုက်ဧက သုံးသိန်းကျော်ကို ရေပေးခြင်းအပြင် ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ် စက်သုံးလုံးဖြင့် ၃၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**အလျားအရှည်ဆုံး ရေလှောင်တမံ**

၁၉၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့သည့် သဖန်းဆိပ် ရေလှောင်တမံသည် အရှေ့တောင်အာရှ၌ တမံအလျားအရှည်ဆုံး ရေလှောင်တမံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ရေဆင်းဧရိယာ စတုရန်းမိုင် ၃၄၆၀၊ နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၃၇ ဒသမ ၉၁ လက်မ၊ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ ဧကပေ ၃၅၃၄၀၀၀၊ တမံအမြင့် ၁၀၈ ပေ၊ တမံအလျား ၂၂၅၈၇ ပေ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၈၈၀၀၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၉၅၈၀၀၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧက ၁၀၆၂၀၀ ၊ ကန်ရေပြည့် အမှတ် ၅၄၅ ပေဖြစ်ကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံ အပါအဝင် နိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင် ၂၁၀၊ စုစုပေါင်း ဆည်မြောင်းအဆောက်အအုံ ၈၇၀ ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တည်ဆောက်ထိန်းသိမ်းကာ နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံ ဧက ၂၄ သိန်းခန့်အတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရန် မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး၊ ရေရှည်တည်တံ့သော ရေအသုံးချမှုဖြစ်စေရေး၊ မြို့ရွာများနှင့် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များပြုပြင်တူးဖော်ခြင်းနှင့် သောက်သုံးရေ စက်ရေတွင်းများတူးဖော်ခြင်း စသည့် လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တမံများအတွင်း ဝင်ရောက်လာသည့်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းသက်သာစေရန် ရေပေးအဆောက်အအုံများ ပြုပြင်ခြင်း၊ ရေပေးဝေမှုလုပ်ငန်းများတွင် ရေအသုံးချသူ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေအသုံးချသူများအဖွဲ့(WUG)များ ဖွဲ့စည်းပေးပြီး ရေပေးဝေရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျ စီမံလုပ်ဆောင်လျက်ရှိသည်**

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ဆည်၊ တမံ ၂၃၅ ခုတွင် ရေဝင်ရောက်မှု နည်းပါးခဲ့သည်။ ထို့ကြောင့် နွေစပါးရာသီတွင် အဆိုပါ ဆည်၊ တမံများမှ နွေစပါး ဧက ၃၆၉၉၀၀ နှင့် အခြားသီးနှံ ၉၉၃၅၇ ဧက၊ စုစုပေါင်း ၄၆၉၂၅၆ ဧကကိုသာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။

၂၀၂၁ ခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုများပြားသဖြင့် ဆည်၊ ကန်များအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်ကထက် ပိုမိုခဲ့သည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားရှိသော ရေလှောင်တမံ ၂၄၅ ခုအနက် ရေပြည့်ရေလှောင်ပမာဏအထိ သိုလှောင်ထားနိုင်သည့် တမံပေါင်း ၃၀ အထိရှိလာပြီး ကန်ရေပြည့်ရေလှောင်ပမာဏ၏ ၇၅ ရာခိုင်နှုန်းနှင့်အထက် သိုလှောင်နိုင်သည့် ဆည်ပေါင်း ၁၂၁ ခုနှင့် ၇၅ ရာခိုင်နှုန်းအောက် သိုလှောင်နိုင်သည့် ဆည်ပေါင်း ၉၄ ခုအထိ ရှိလာသည်။

**ရေပိုမိုသိုလှောင်နိုင်ခဲ့**

၂၀၂၀ ပြည့်နှစ်ကာလနှင့် နှိုင်းယှဉ်ပါက ရေလှောင်တမံ စုစုပေါင်း ၂၄၅ ခုတွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက် သိုလှောင်ရေသည် ၂၀၂၀ ပြည့်နှစ် သိုလှောင်ရေပမာဏထက် ၂၇ ဒသမ ၆၄ ရာခိုင်နှုန်းခန့် ပိုမိုသိုလှောင်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ ဆည်၊ တမံများ၏ ယခုလက်ရှိ ရေလှောင်ပမာဏမှာ စုစုပေါင်း ဧကပေ ၁၂ သန်းနီးပါးရှိသည်။

ဆည်၊ တမံများတွင် သိုလှောင်ထားသည့် ရေပမာဏအရ ယခုလာမည့် နွေစပါးစိုက်ရာသီတွင် နွေစပါး ၉၆၀၀၃၆ ဧကနှင့် အခြားသီးနှံ ၂၆၃၉၉၃ ဧက စုစုပေါင်း ၁၂၂၄၀၂၉ ဧက အတွက် စိုက်ပျိုးရေ ပိုမိုတိုးတက် ပေးဝေနိုင်တော့မည်ဖြစ်သည်။

ဆည်၊ ကန်၊ ရေလှောင်တမံများ၌ ၂၀၂၀-၂၀၂၁ ခုနှစ်ကထက် နွေစပါး ၄၀၁၉၃၈ ဧကနှင့် အခြားသီးနှံ ၁၄၅၃၅၂ ဧက စုစုပေါင်း ဧက ၅၄၇၂၉၀ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ မိုးရာသီကာလတွင် တမံအတွင်းသို့ စီးဝင်ရေ ဧကပေ ၂၇၉၀၀၀၀ ကျော် ရှိခဲ့သဖြင့် မိုးစပါးစိုက်ဧက ၄၈၁၀၀၀ ကျော် အောင်ရေရသည်အထိ စိုက်ပျိုးရေ အပြည့်အဝ ပေးဝေနိုင်ခဲ့ပြီး ယခုလက်ရှိတွင် လက်ကျန်ရေပမာဏ ဧကပေ ၂၁၇၀၀၀၀ ကျော် ကျန်ရှိသည့်အတွက် လာမည့်နှစ်နွေကာလတွင် နွေစပါး ဧက ၂၇၃၀၀၀ ကျော်နှင့် အခြားသီးနှံ ဧက ၇၅၀၀၀ စုစုပေါင်း ဧက ၃၄၈၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် လျာထားပြီးဖြစ်ရာ ယခင်နှစ်ကထက် ဧက ၃၀၆၇၀ ကို ပိုမို၍ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ထို့ပြင် ရေတံခါးများမှ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးမှုများမှာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၂၅၈၁၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၂၆၁၉၃၇ ဧက စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် ၃၈၂၁ ဧက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြစ်ရေတင်လုပ်ငန်းများအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံ ၄၉၉၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၆၆၉၂၉ ဧကစိုက်ပျိုးရန် လျာထားသဖြင့် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ၁၆၉၃၆ ဧက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။

၂၀၂၁ မိုးရာသီတွင် ဆည်၊ ကန်များအတွင်း ရေဝင်ကောင်းမှုကြောင့် လာမည့် နွေရာသီတွင် စိုက်ပျိုးရေ၊ သောက်သုံးရေကို ယခင်နှစ်ကထက် ပိုမိုလုံလောက်ပြည့်မီစွာ ပေးဝေနိုင်မည်ဖြစ်သည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တမံများအတွင်း ဝင်ရောက်လာသည့်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းသက်သာစေရန် ရေပေးအဆောက်အအုံများပြုပြင်ခြင်း၊ ရေပေးဝေမှုလုပ်ငန်းများတွင် ရေအသုံးချသူ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေအသုံးချသူများအဖွဲ့ (WUG)များ ဖွဲ့စည်းပေးပြီး ရေပေးဝေရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ခြင်းတို့ကို စနစ်တကျ စီမံလုပ်ဆောင်လျက်ရှိသည်။

**သုံးသီးစား စိုက်ပျိုးလာနိုင်**

စိုက်ပျိုးရေလုံလောက်စွာ ရရှိသည့်အတွက် မိုးကိုမျှော်ကာ သမားရိုးကျ စိုက်ပျိုးနေခဲ့ကြရာမှ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံတို့ဖြင့် သုံးသီးစား စိုက်ပျိုးလာနိုင်သည့်အတွက် ဒေသဝမ်းစာဖူလုံအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့သဖြင့် ဒေသခံတောင်သူများသည် ဆည်ရေကို စနစ်တကျ ရယူသုံးစွဲသည့် အလေ့အထကောင်းများ ရလာပြီး ထိုမှတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်သော ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အသုံးပြု၍ စိုက်ပျိုးလာနိုင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်သည်။

ထို့ပြင် ဒေသဝမ်းစာဖူလုံရေး၊ ဒေသခံတောင်သူများ၏ လူနေမှုဘဝမြင့်မားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်နိုင်လာတော့မည် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

# ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်ကြီးအား မြန်မာမှုလက်ရာများဖြင့် ပြန်လည်မွမ်းမံပြင်ဆင်မှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး

**ပဲခူး ဇန်နဝါရီ ၂**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက် မုခ်အနီး စေတီတော်ဝတ္တကမြေအတွင်း တည်ဆောက်ထားရှိသော ဗုဒ္ဓအသံဓမ္မဗိမာန်ကြီးအား မြန်မာမှုအနုပညာလက်ရာများဖြင့် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဗုဒ္ဓအသံဓမ္မဗိမာန်ကြီးကို ၁၉၉၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ပန္နက်တင်၍ အလျား ပေ ၂၄၀၊ အနံ ပေ ၁၅၀ ရှိသော အာစီနှစ်ထပ်အဆောက်အအုံဖြစ် ခံ့ညားထည်ဝါစွာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးသည် သက်တမ်း ၂၆ နှစ်ကျော်ကြာမြင့်လာသဖြင့် ဗိမာန်ကြီး၏ဘုံဆင့်၊ ပြာသာဒ်၊ အမိုးသွပ်ပြားများ၊ မြန်မာမှုပန်းခြူးပန်းနွယ်လက်ရာများ ပျက်စီးဆွေးမြည့် ယိုယွင်းခြင်းများဖြစ်ပေါ်လာသဖြင့် ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၏ လမ်းညွှန်ချက်အရ လူမှုရေးရာဝန်ကြီး ဦးဆောင်သော ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ၊ မြို့မိမြို့ဖများပါဝင်သည့် ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ၂၀၂၁ ခုနှစ် ဧပြီလအတွင်းက ဖွဲ့စည်းခဲ့ပြီး ပြန်လည်မွမ်းမံပြင်ဆင်မှုများကို ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၏ ကြီးကြပ်မှုဖြင့် ပြုလုပ် ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး ပြန်လည်မွမ်းမံပြင်ဆင်မှုပြုလုပ်ခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၃၅၀ ၊ သာသနာ့ဗိမာန် ငွေစုစာအုပ်မှ ငွေကျပ်သိန်း ၁၀၀ ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအလှူရှင်များမှ လှူဒါန်းငွေကျပ်သိန်း ၅၅၀ ကျော်ဖြင့် အမိုးသွပ်များ အသစ်လဲလှယ်ခြင်း၊ မြန်မာမှုလက်ရာပန်းဆွဲများအသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဗိမာန်တော်အပြင်နံရံဆေးသုတ်ခြင်း၊ ဗိမာန်တော်မြေညီထပ်မြန်မာမှုလက်ရာပန်းတမော့များပြုလုပ်ခြင်း၊ ဗိမာန်အတွင်းအာစီတိုင်များ ပိုမိုခိုင်ခံ့လှပအောင် ပြန်လည်ပြင်ဆင်ခြင်းစသည့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ဗိမာန်ကြီး၏ရှေ့မျက်နှာစာ မြေဖို့ခြင်း၊ ပန်းအလှစိုက်ခြင်း၊ အုတ်တံတိုင်းခြံစည်းရိုးတည်ဆောက်ခြင်း၊ ဗိမာန်ကြွေပြားခင်းခြင်း၊ ဗိမာန်အရှေ့/အနောက်မျက်နှာစာတွင် မြန်မာမှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဗိမာန်အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်နံရံများတွင် ဆေးသုတ်ခြင်း စသည့်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓအသံဓမ္မဗိမာန်ကြီး ပြန်လည်မွမ်းမံပြုပြင်တည်ဆောက်ရေးနှင့် ပတ်သက်၍ ကော်မတီအဖွဲ့ဝင် ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အပေါ်ထပ်တွင် မြန်မာမှုများနှင့် အမိုးယိုသည့်ကိစ္စများ၊ အောက်ထပ်တွင် ရုပ်ပိုင်းဆိုင်ရာများ



ပြန်လည်တောင့်တင်းရန်နှင့် မြန်မာမှုများနှင့်ဗိသုကာများထည့်သွင်းမွမ်းမံခြင်းတို့ ဆောင်ရွက်နေကြောင်း၊ ကျန်ရှိနေသည့်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗုဒ္ဓအသံ ဓမ္မဗိမာန်ကြီးသည် ပဲခူးမြို့အတွက် မရှိမဖြစ်လိုအပ်နေသည့် အဆောက်အဦတစ်ခုဖြစ်ကာ သာသနာရေး၊ ဘာသာရေးဆိုင်ရာလုပ်ငန်းများကို အဆိုပါဗိမာန်ကြီးတွင် လာရောက် ဆောင်ရွက်ကြရကြောင်း ပြောကြားသည်။

ဗုဒ္ဓအသံဓမ္မဗိမာန်ကြီး စတင်တည်ဆောက်ပြီးစီးသည့်ချိန်မှစတင်၍ ဗိမာန်ကြီးအတွင်း၌ တရားပွဲများ၊ ဘာသာရေးပွဲများ၊ လူမှုရေးပွဲအခမ်းအနားများ၊ ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ ဝိနိယတံခွန် စသည့် စာမေးပွဲများဖြေဆိုရာ နေရာအဖြစ် လက်ခံကျင်းပနိုင်ခဲ့သည့်အပြင် စာအောင်သံဃာများအား ပူဇော်ပွဲပြုလုပ်ရာတွင်လည်း အသုံးပြုလျက်ရှိသည့်အတွက် ပဲခူးမြို့၏ဂုဏ်ဆောင် ဗိမာန်ကြီးတစ်ခု ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# စိုက်ပျိုးမြေဧက ၂၈၀ ကျော်အကျိုးပြုမည့် ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်

**တန့်ယန်း ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် စိုက်ပျိုးမြေဧက ၂၈၀ ကျော် အကျိုးပြုမည့် ပန်လုံ-လွယ်ကုန်-နောင်စေကျေးရွာ ကုန်ထုတ် လမ်းဖောက်လုပ်ခြင်းနှင့် တံတားလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်လျက် ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများ၊ ကုန်ထုတ်တံတားများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပန်လုံ-လွယ်ကုန်-နောင်စေကျေးရွာ ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မထု ဖြုန်းကျောက်ခင်းခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၀၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ စတင်ကာ တာဝန်ယူ ဖောက်လုပ်လျက်ရှိကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းထွန်းက ပြောသည်။

အဆိုပါ ပန်လုံ-လွယ်ကုန်-နောင်စေကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ပန်လုံ၊ လွယ်ကုန်၊ နောင်စေ ကျေးရွာသုံးရွာရှိ စိုက်ပျိုးမြေ ဧက ၂၈၀ ကျော်မှထွက်ရှိသော လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မိတ္ထီလာမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အိမ်အရောက် ကွင်းဆင်းပြုလုပ်ပေး

**မိတ္ထီလာ ဇန်နဝါရီ ၂**

မိတ္ထီလာမြို့နယ် ချည်စက်ရပ်ကွက်အတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်လိုသူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဇန်နဝါရီ ၁ ရက်က အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်၍ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များပြုလုပ်ပေးခြင်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ရပ်ကွက်ကျေးရွာအုပ်စုများတွင် တစ်ကြိမ်နှုန်းနှင့် အချို့ကျေးရွာအုပ်စုများတွင် နှစ်ကြိမ်နှုန်းဖြင့် ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့ရာတွင် ကျန်ရှိသူများရှိနိုင်သဖြင့် ပန်းခင်းစီမံချက်ရာနှုန်းပြည့် အောင်မြင်စေရန် ယခုလို အိမ်တိုင်ရာရောက်စနစ်ဖြင့် ထပ်မံကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်း၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရန် ၁၆၄၄၅ ဦး လျာထားရာ ယနေ့အထိ ၁၃၆၉၈ ဦးအား ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ငရုတ်ကောင်းပင်ကို သစ်မာစိုက်ခင်းများဖြင့် နှစ်သီးစားတွဲဖက်စိုက်ပျိုးပါက အကျိုးအမြတ်ပိုရနိုင်

**ရန်ကုန် ဇန်နဝါရီ ၂**

ငရုတ်ကောင်းပင်ကို သစ်မာစိုက်ခင်းများဖြင့် နှစ်သီးစားတွဲဖက်စိုက်ပျိုးပါက အကျိုးထူးနိုင်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများက ဆိုသည်။

"အခုဆိုရင် မြန်မာနိုင်ငံအတွင်းမှာ သစ်မာစိုက်ခင်းတွေ အများကြီးရှိနေတယ်။ ဒီလို သစ်မာစိုက်ခင်းတွေမှာ ငရုတ်ကောင်းပင်ကို တွယ်ကပ်ပင်အဖြစ် စိုက်ပျိုးကြမယ်ဆိုရင် နှစ်သီးစားလို့ရမယ့်အပြင် ပထမတန်းစား စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလည်း ဖြစ်သွားမယ်။ ငရုတ်ကောင်းပင်ကို ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ ယမနေပင်၊ မန်ဂျန်ရှားပင်တွေရဲ့ပင်စည်မှာ တွယ်ကပ်စိုက်ပျိုးလို့ရတယ်။ သစ်မာစိုက်ခင်းကနေ သစ်လုံးကြီးအရွယ်အထိ မကြီးထွားသေးခင် စောင့်ဆိုင်းနေချိန်မှာ ငရုတ်ကောင်းပင်ကနေတစ်ဆင့် ဝင်ငွေရနိုင်ပြီ။ သစ်မာစိုက်ခင်းက ခုတ်ရောင်းလို့ရတဲ့ အချိန်မှာတော့ ငရုတ်ကောင်းပင်ကလည်း သူ့သက်တမ်းအလိုက် ရသင့်ရထိုက်တဲ့ ဝင်ငွေတွေ ရှာပေးပြီးဖြစ်နေပြီ။ တွဲဖက်စိုက်ပျိုးမယ်ဆိုရင် အင်မတန် အကျိုးထူးမယ်လို့မြင်ပါတယ်"ဟု KKO-Pepper ငရုတ်ကောင်းစိုက်ပျိုးထုတ်လုပ်ရေးမှ စီမံအုပ်ချုပ်သူ ဦးအောင်ဆန်းဦးက ပြောသည်။ ပြည်ပမှငရုတ်ကောင်း Import တင်သွင်းနေမှုများ လျော့နည်းစေရန် ပြည်တွင်း၌ ငရုတ်ကောင်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

"ငရုတ်ကောင်းလိုအပ်ချက်ပြည့်မီဖို့နဲ့ ပြည်ပသွင်းနေတာတွေ နည်းသွားစေဖို့ တောင်သူတွေအနေနဲ့ ငရုတ်ကောင်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးသင့်တယ်လို့ မြင်ပါတယ်။ ပြည်တွင်းမှာသာ အလုံအလောက် ထွက်နေတယ်ဆိုရင် အပြင်က ဝင်နေတာတွေ လျော့နည်းသွားမယ်လို့ မြင်တယ်။ ငရုတ်ကောင်းပင်က ရေကြိုက်တယ်။ သို့သော် အပင်ခြေမှာ ရေဝပ်သွားတာတော့ မကြိုက်ဘူး။ ဒါလေးကိုတော့ သတိပြုစိုက်ပျိုးတတ်ဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ငရုတ်ကောင်းပင်သည် ပူပြင်းခြောက်သွေ့ပြီး ရေရရှိရန် ခက်ခဲသည့် ဒေသအချို့မှလွဲ၍ ကျန်ဒေသများတွင် မည်သည့်ဒေသမဆို စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နှစ်ရှည်သီးနှံပင်ဖြစ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ဇီဝအဝန်းနယ်မြေနှင့် အာဆီယံအမွေအနှစ်တည်ရှိရာ အင်းတော်ကြီးအိုင်နှင့် ဘေးမဲ့တော၏သဘာဝအလှတရားများ

သစ္စာ ( MNA )

အင်းတော်ကြီးအိုင်နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်းတည်ရှိပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သော ကုန်းတွင်းရေတိမ်ဒေသအဖြစ် အရှေ့တောင်အာရှတွင် သတ်မှတ်ခြင်းခံထားရသည့် ဇီဝအဝန်းနယ်မြေလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုကန်ကြီးဖြစ်သည့် အင်းတော်ကြီးကန်နှင့် ဆက်စပ်ရေဝပ်ဧရိယာများ၊ ရေဝေရေလဲတောများကို အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်၌ ဆောင်းခိုငှက်များ ဝင်ရောက်ရာ အရှေ့အာရှ ဩစတြေးလျှငှက် ပျံသန်းရာလမ်းကြောင်း ( EAAF–118)၏ အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ရမ်ဆာ ရေဝပ်ဒေသ(Site No.2256)အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်၌ ဇီဝအဝန်းနယ်မြေအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်၌ Wetland Link International–WLI(Asia)အဖြစ်လည်းကောင်း သတ်မှတ်ခြင်းခံခဲ့ရသည်။

အင်းတော်ကြီးအိုင်သည် ၃၁၃ ဒသမ ၅၀၈ စတုရန်းမိုင်ကျယ်ဝန်းပြီး ကေအားဖြင့် ၂၀၀၆၄၅ ဒသမ ၄ ဧက ကျယ်ဝန်းသည်။ အင်းတော်ကြီးကန်၏ ဆက်စပ်ရေဝပ်ဒေသများနှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏ ဂေဟစနစ်များ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်၊ အင်းတော်ကြီးကန်၏ ရေဝေရေလဲဒေသများ ယင်းတို့အတွင်း ရှင်သန်ကျက်စားသော ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟစနစ်များကို ထိန်းသိမ်းရန်၊ သစ်တောနှင့်ရေဝပ်ဒေသများ ထိန်းသိမ်းခြင်းနှင့် ရေရှည်အသုံးချရန်၊ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေရန် စသည့်ရည်ရွယ်ချက်များဖြင့် သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနဖြစ်သော အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာဦးစပါးရိုင်း သုံးမျိုးတွင်ပါဝင်သည့် သဘာဝအလျောက်ပေါက်ပွားသော သလေးစပါးသည် အင်းတော်ကြီးအိုင်တွင် ဧကများစွာ ရာသီလိုက်ရှင်သန်လျက်ရှိရာ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်တို့နားခိုပေါက်ပွားရာ နေရာတစ်ခုအဖြစ် စပါးခင်းများကလည်း အထောက်အပံ့ဖြစ်စေလျက်ရှိသည်။ မြစ်သွယ်ပေါင်း ၁၂ ခုမှ ရေတို့သည် အင်းတော်ကြီးအိုင်အတွင်းသို့ စီးဝင်ပြီး အင်းတော်ကြီးအိုင်နှင့် တစ်ဆက်တည်းရှိသည့် အင်းတော်ကြီးချောင်း (ကောက်ကွေ့ချောင်း)မှ တစ်ဆင့် မိုးကောင်းမြို့အနီးရှိ မိုးကောင်းချောင်းနှင့် ချိတ်ဆက်၍ ဆင်ဘိုရွာအနီး ဧရာဝတီပထမမြစ်ကျဉ်းအတွင်းသို့ စီးဝင်လျက်ရှိသည်။ ငါးများသားဥပေါက်ချိန်၌ ဧရာဝတီမြစ်နှင့် ချောင်းအတွင်းမှ ငါးများသည် ရေကိုဆန်တက်၍ အင်းတော်ကြီးချောင်း၊ မိုးကောင်းချောင်းနှင့် အင်းတော်ကြီးကန်အတွင်းသို့ ဥချသားပေါက်လေ့ရှိသည်။



ဆောင်းခိုငှက်များ ကျက်စားရာနေရာ။



အင်းတော်ကြီးအိုင်တွင် လာရောက်ကျက်စားသည့် ဆောင်းခိုငှက်များကို တွေ့ရစဉ်။

အင်းတော်ကြီးကန်ဘေးမဲ့တောသို့ ခရီးသွားရာသီရောက်လျှင် နိုင်ငံခြားခရီးသွားများ ဝင်ရောက်လေ့ရှိပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၁၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပွင့်လန်းစေခဲ့သည်။ အင်းတော်ကြီးအိုင်သည် ယူနက်စကို အသိအမှတ်ပြု နိုင်ငံပေါင်း ၆၆၅ နိုင်ငံတွင် ပါဝင်ပြီး ဂျာမနီနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများတည်ရှိမှုသည် မိုးညှင်းဒေသ၏ ခရီးသွားလုပ်ငန်းအရှိန်အဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေလျက်ရှိသည်။ ပြည်ပခရီးသွားအများစုတွင် ဂျာမနီနိုင်ငံမှ အင်းတော်ကြီးအိုင်သို့ အများဆုံး လာရောက် လည်ပတ်လေ့ရှိပြီး မြန်မာနိုင်ငံတွင်ရှိသော သဘာဝအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ရာသီချိန်ခါမရွေး လက်ကမ်းကြိုဆိုလျက်ရှိသည်။

သဘာဝအလှတို့ဖုံးလွှမ်းနေသော အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၄၇ မျိုး၊ ငှက်မျိုးစိတ် ၅၁၁ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၉၁ မျိုး၊ ငါးမျိုးစိတ် ၉၅ မျိုး၊ လိပ်ပြာမျိုးစိတ် ၅၀ တို့ ရှင်သန်ကျက်စားလျက်ရှိပြီး သစ်မျိုးစိတ်၄၈ မျိုး၊ ဆေးဘက်ဝင် အပင်ပေါင်း ၁၁၈ မျိုး၊ သစ်ခွမျိုးစိတ် ၇၅ မျိုး၊ ဝါးမျိုး ခုနစ်မျိုး၊ ကြိမ် ငါးမျိုး၊ မြက် ၁၄ မျိုးနှင့် ရေနေပင် ၁၅၇ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။

ဆောင်းခိုငှက်များ နှစ်စဉ်ဝင်ရောက်ကျက်စားသည့်အတွက် အင်းတော်ကြီးအိုင်၏ အလှကိုပိုမိုတင့်တယ်စေလျက်ရှိသည်။ ငါးမျိုးစိတ်နှင့် ငှက်မျိုးစိတ်များပျံ့နှံ့ကျက်စားမှု၊ ရာသီဥတုပြောင်းလဲခြင်း၏ ရေဝပ်ဒေသဂေဟစနစ်အပေါ် သက်ရောက်မှု၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ယင်းတို့၏ ဂေဟဗေဒ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အလားအလာနှင့် တရားမဝင်သယံဇာတထုတ်ယူမှုမှ သဘာဝနယ်မြေအပေါ် အကျိုးသက်ရောက်မှု၊ ဒေသခံတို့၏ သဘာဝသယံဇာတများအပေါ် မှီခိုမှုများလာခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုတို့ ဆက်စပ်ခြင်းတို့သည် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်းများစွာ ရရှိလျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် အင်းတော်ကြီးအိုင်တွင် ရေပျော်ငှက်၊ ဆောင်းခိုငှက်နှင့် ဌာနေငှက်မျိုးစိတ်တို့ကို လေ့လာကြည့်ရှုနိုင်ပြီး လှေ၊ ကယက်အပျော်စီးခြင်း၊ တောတွင်းခရီးကြမ်းသွားလာနိုင်ခြင်း၊ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ခြင်း၊ ရွှေတောင်နှင့် ငွေတောင်တို့တွင် တောင်တက်ခရီးစဉ်အဖြစ် တက်ရောက်နိုင်ခြင်း၊ ဒေသခံတို့၏ရိုးရာငါးဖမ်းနည်းကို လေ့လာနိုင်သည့်အပြင် အင်းတော်ကြီးအိုင် ရွှေမဋ္ဌုရေလယ်ဘုရားနှင့် ဒေသခံတို့၏ရိုးရာဓလေ့ကို ကြည့်ရှုလေ့လာအပန်းဖြေနိုင်မည်ဖြစ်သည်။ အင်းတော်ကြီးအိုင်၏ ဇီဝအဝန်းနယ်မြေအတွင်း၌ ကျေးရွာပေါင်း ၃၇ ရွာ တည်ရှိသောကြောင့် ဌာနေရှမ်းနီတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကိုလည်း အနီးကပ် လေ့လာနိုင်မည်ဖြစ်သည်။ အင်းတော်ကြီးကို ရှမ်းဘာသာဖြင့် လောင်းလုံစည်ခမ်း(သို့မဟုတ်) လင်လုံဟုခေါ်ဆိုလေ့ရှိသည်။ စည့်ခမ်းအင်းကြီးဟု အဓိပ္ပာယ်ရပြီး စည်ခမ်းသည် အင်းတော်ကြီးမတည်ရှိမီက ထိုဒေသတွင်ရှိခဲ့သောမြို့ဖြစ်ကြောင့် မှတ်ယူကြသည်။

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူတို့၏လူမှုစီးပွားကိုလည်း အထောက်အပံ့ဖြစ်စေလျက်ရှိရာ ဒေသခံတို့အနေဖြင့် အသေးစား သစ်တောထွက်ပစ္စည်းများ၊ ဆေးဖက်ဝင်အပင်များ၊ ငါးသယံဇာတများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသခံတို့ဝင်ငွေတိုးစေမည့် အခွင့်အလမ်းများကို ရရှိစေလျက်ရှိသည်။ အင်းတော်ကြီးအိုင်ဘေးမဲ့တောသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားများအနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့တို့မှ လေယာဉ်ဖြင့် အချိန်တိုအတွင်း သွားရောက်လည်ပတ်နိုင်ပြီး ရန်ကုန်မြို့မှမြစ်ကြီးနားသို့ လေယာဉ်ဖြင့်လည်း သွားရောက်နိုင်သည်။ မြစ်ကြီးနားမှ ဟိုပင်သို့ မိုင် ၈၀ ခရီးတွင် ကားဖြင့်လည်းကောင်း၊ မိုင် ၇၀၀ ခရီးရှိသော ရန်ကုန်–မန္တလေး–မိုးညှင်း ခရီးစဉ်တွင် ကား၊ ရထားဖြင့်လည်းကောင်း၊ မိုးညှင်းမှ ဟိုပင်သို့ ၂၁ မိုင်ခရီးအားကားဖြင့်လည်းကောင်း၊ ၂၇ မိုင်ခရီးရှိသော ဟိုပင်–အင်းတော်ကြီး ခရီးစဉ်တွင် မော်တော်ယာဉ်ဖြင့်လည်းကောင်း လာရောက်လည်ပတ်နိုင်သည်။ အင်းတော်ကြီးဘေးမဲ့တောသည် အထက်ရွက်ပြတ်ရောနှောတောစိုနှင့် အမြဲစိမ်းတောတို့ဖြစ်ပြီး ကချင်ပြည်နယ်၏ရာသီဥတုနှင့်အညီ အအေးဓာတ်လွှမ်းခြုံလျက်ရှိရာ ဇီဝအဝန်းနယ်မြေနှင့် အာဆီယံအမွေအနှစ်အဖြစ် တည်ရှိသည့် အင်းတော်ကြီးအိုင်နှင့် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ သဘာဝအလှတို့သည် မြန်မာနိုင်ငံ၏ ခရီးသွားရာသီသို့ ဝင်ရောက်လာသည်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားတို့အား ညို့ယူဖမ်းစားလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**“အင်းတော်ကြီးကန်ဘေးမဲ့တောသို့ ခရီးသွားရာသီရောက်လျှင် နိုင်ငံခြားခရီးသွားများ ဝင်ရောက်လေ့ရှိပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၁၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပွင့်လန်းစေခဲ့သည်။ အင်းတော်ကြီးအိုင်သည် ယူနက်စကို အသိအမှတ်ပြု နိုင်ငံပေါင်း ၆၆၅ နိုင်ငံတွင်ပါဝင်ပြီး ဂျာမနီနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများတည်ရှိမှုသည် မိုးညှင်းဒေသ၏ ခရီးသွားလုပ်ငန်းအရှိန်အဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေလျက်ရှိသည်”**

# မင်းလှ၌ (၈၄)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပြုလုပ်

မင်းလှ ဇန်နဝါရီ ၂

**ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဗျက်ကြီးကျေးရွာအုပ်စု ဗျက်ကြီးချောင်းနားကျေးရွာ၌ (၈၄)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။**

ရှေးဦးစွာ နံနက် ၆ နာရီခွဲတွင် ကရင်အမျိုးသားသီချင်းသီဆို၍ ကရင်အမျိုးသားအလံတင်ခြင်း၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံကို အလေးပြုခြင်းအခမ်းအနား ပြုလုပ်သည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် (၈၄)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကျင်းပရာ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောထူးဝေက နှစ်သစ်ကူးဆုတောင်းစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောလင်းအောင်ထံမှ ပေးပို့သော (၈၄)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားခြင်း၊ ရန်ကုန် ကရင်နှစ်သစ်ကူး ကျင်းပရေးဗဟိုကော်မတီမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခြင်းပြုလုပ်သည်။

မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက စောသောင်းကြီးက နှစ်သစ်ကူးပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဒုဥက္ကဋ္ဌ စောရွှေသိန်းက တိုင်းရင်းသားရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗျက်ကြီးကျေးရွာသားတစ်ဦးက ကျေးရွာ၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး ကရင်အမျိုးသားသီချင်းသီဆိုကာ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**





# သထုံမြို့နယ်၌ (၈၄) နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ

သထုံ ဇန်နဝါရီ ၂

(၈၄) နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ သာသနာ့ဝုဒ္ဓိကျောင်းတိုက်၌ ယနေ့နံနက်က မြို့နယ်အဆင့် အနေဖြင့် ကိုဗစ်-၁၉ ကာလ စည်းကမ်းချက်များနှင့် အညီ ကျင်းပသည်။

နှစ်သစ်ကူးပွဲတော်ကို ကျင်းပခြင်းမှာ စည်းလုံးညီညွတ်စွာဖြင့် ဘိုးဘွားများ ချမှတ်ထားသည့် ရိုးရာဓလေ့များကို ဖော်ထုတ်သည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ပြီး လူငယ်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုထုံးတမ်းတို့ကို မပျောက်ပျက်အောင် ဂရုပြုကာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားစေလိုကြောင်း သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

နှစ်သစ်ကူးပွဲတော် ကျင်းပရာတွင် တက်ရောက်လာကြသည့် တိုင်းရင်းသားများက ကရင်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုခြင်း၊ သံဃာတော်များထံမှ တရားနာယူပြီး ဆွမ်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ညှော်ခံကျွေးမွေးခြင်းများကို ပြုလုပ်သည်။

သထုံမြို့နယ်၌ ကရင်တိုင်းရင်းသား စုစုပေါင်း ၈၀၀၀၀ ဝန်းကျင် နေထိုင်လျက်ရှိပြီး မြို့နယ်အဆင့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို သထုံမြို့ပေါ်နှင့် ကရင်တိုင်းရင်းသား အများစုနေထိုင်သည့် ကျေးရွာ ၃၇ ရွာတို့တွင် အလှည့်ကျ နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း၊ ယခင်နှစ်များက သက်ကြီးပူဇော်ပွဲ၊ ဒုံးယိမ်းပြိုင်ပွဲများ၊ တိုင်းရင်းသူအလှမယ်ရွေးချယ်ခြင်း၊ ရိုးရာလက်ဝှေ့ပွဲ၊ ဇာတ်သဘင်၊ စတိတ်ရှိုးဖျော်ဖြေပွဲများ၊ ပြခန်းများနှင့် စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကသာမြို့ရှိ ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားများ နှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာဆုတောင်းပွဲ နှစ်သစ်ကူးနေ့ ပြုလုပ်



**ကသာ ဇန်နဝါရီ ၂**

ကသာမြို့ရှိ ခရစ်ယာန်ဘာသာဝင် ကချင်၊ ကရင်၊ ချင်း၊ လီဆူ တိုင်းရင်းသားများ နှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာ ဆုတောင်းပွဲ နှစ်သစ်ကူးနေ့ကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ခရစ်ယာန်အသင်းတော်ဘုရားတွင် အကျဉ်းပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

နှစ်သစ်ကူး ဆုတောင်းမင်္ဂလာအခမ်းအနားတွင် သိက္ခာတော်ရ ဦးလွယ်လယ်မယ်ဆာ သင်းအုပ်ဆရာတော်က လီဆူနှစ်ခြင်း ခရစ်ယာန်အသင်းတော်က နှစ်သစ်မင်္ဂလာ ကျေးဇူးတော်ချီးမွမ်းခြင်း ပြောကြားခဲ့သည်။

ထို့နောက် ခရစ်ယာန်အသင်းတော်တိုင်၊ ယုံကြည်ခြင်းဖြင့် လစဉ် ၁ ရက်နေ့တိုင်း မိမိနှစ်သက်ရာ အသင်းမိသားစုတိုင်း၏ ဓမ္မဝန်ဆောင်စရိတ်၊ ပရဟိတဝန်ဆောင်စရိတ်၊ ဓမ္မအသင်း တည်ဆောက်ရေးစရိတ်၊ အချိန်အခါလိုက်အခက်အခဲများ ကူညီစရိတ်၊ လက်တစ်ဆုပ်ဆန်လှူခြင်း၊ မိမိသဒ္ဓါကြည်ဖြူအလှူငွေများ ထည့်ကြပြီး အာဟာရထမင်းဟင်းလျာများကို အသင်းတော်ဝင်များ လက်ဆုံထမင်းစားသုံးဆောင်ကြသည်။

**ငွေအိုး(ကသာ)**

# ဘားအံမြို့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားတွင် ဌာနဆိုင်ရာပြခန်းများ ခင်းကျင်းပြသ

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံမြို့၌ ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်းအတွင်း ကျင်းပရာ ဌာနဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသကြောင်း သိရသည်။

ပြခန်းများ ခင်းကျင်းပြသရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြခန်း၊ ပညာရေးပြခန်း၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ပြခန်း၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြခန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနပြခန်း၊ ပြည်နယ်လမ်းဦးစီးဌာနပြခန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးပြခန်း၊ ပြည်နယ်ရဲတပ်ဖွဲ့ပြခန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ ကရင် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုအမွေအနှစ် ပြခန်းများ ခင်းကျင်းပြသထားရာ အခမ်းနားသို့ တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**



# ဘုတ်ပြင်းမြို့နယ်၌ အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ပေး

**ဘုတ်ပြင်း ဇန်နဝါရီ ၂**

ဘုတ်ပြင်းမြို့နယ်တွင် ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်စက်သင်တန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ သင်တန်းကာလ နှစ်လကြာ ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာ၌ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး သင်တန်းသို့ သင်တန်းသူစုစုပေါင်း ၁၂ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းဦးကြည်က ပြောသည်။

**မင်းမြင့်မိုရ်(ကျေးလက်)**

# နှစ်သစ်ကူးရုံးပိတ်ရက် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင် ဘုရားဖူးများဖြင့်စည်ကား

**မုဒုံ ဇန်နဝါရီ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ယခုတစ်ပတ် နှစ်သစ်ကူးရုံးပိတ်ရက်များ၌ နှစ်ဦးကုသိုလ်ပြု ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက် နှစ်သစ်ကူးရုံးပိတ်ရက်၌ မြို့နယ်အတွင်းရှိ အထင်ကရဘုရားစေတီပုထိုးများဖြစ်သည့် သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်၊ ဆံတော်ရှင် ကန်ကလေးစေတီတော်၊ ကမာဝက်မြို့ ခေတ်တော်ကျောင်း၊ ဘင်လှိုင်စေတီတော်၊ အတောင်(၄၀၀)ပြည့်လျောင်းတော်မူဘုရားကြီးနှင့်ခပ်ရခပ်ယူ ထိုင်တော်မူဘုရားကြီးများတွင် နေ့ချင်းပြန်လာရောက်ဖူးမြော်ကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးမိဘပြည်သူများ၊ နှစ်ဦးကုသိုလ်ယူကြသူများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ အလှူ အတန်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ကြသူများ၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်ကြသူများ၊ ငါးစာကျွေး ကုသိုလ်ပြုကြသူများနှင့် အမှတ်တရပစ္စည်း ရောင်းဈေးဆိုင်များတွင် အပန်းဖြေသူများနှင့် ကောင်းမှု ကုသိုလ်ပြုလုပ်ကြသူများဖြင့် စည်ကားနေပြီး အစိုးရရုံးပိတ်ရက်များအပြင် နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိ ကြောင်း၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များတို့ကိုလည်း တိုက်တွန်းနှိုးဆော်ထားကြောင်း ဘုရားစေတီဂေါပကအဖွဲ့မှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**





# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အလံတင်အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှု အသင်းက ကြီးမှူးပြီး ၂၇၆၁ ခုနှစ် ကရင်နှစ်သစ်ကူး ပွဲတော် အလံတင်အခမ်းအနားကို ယနေ့နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စု ခန်းမရှေ့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ချယ်ရတီက ကရင်အမျိုးသားအလံလွှင့်တင်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံကို အလေးပြုကြသည်။ ထို့နောက် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာရခြင်းနှင့် ဆိုင်သော ဥပဒေကြမ်းနှင့် ဦးဆောင်ကြိုးပမ်းပေးခဲ့ သူများ၏ အမည်စာရင်းကို နော်ကြယ်စင်ဖြူ က ဖတ်ကြားတင်ပြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ကရင်နှစ်သစ်ကူး အလံတင်အခမ်းအနားကို ယခင်နှစ်များကဲ့သို့ စည်စည်ကားကား ကျင်းပချင်သော်လည်း ကိုဗစ်ရောဂါကြောင့် ပျော်ပွဲရွှင်ပွဲများမပါဘဲ အလံတင်ပွဲအခမ်းအနား ကျင်းပခဲ့ခြင်းဖြစ်သည်။ ကရင်လူမျိုးများ၏ ကြီးမားသော သမိုင်းအစဉ်အလာများကို ဖော်ဆောင်ပြီး ကရင်နှစ်သစ်ကူးပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

ကရင်နှစ်သစ်ကူးပွဲတော် အလံတင်အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာ၊ အလုံ၊ အင်းစိန်အာလိန်ငါးဆင့်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒလ၊ မှော်ဘီ၊ တိုက်ကြီးနှင့် ထန်းတပင်မြို့နယ်များတွင်လည်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးမြို့၌ ညဈေးတန်း ဖွင့်လှစ်မည်

**တွံတေး ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပြည်သူအများလွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေး၊ ဗိုလ်ချုပ်လမ်း၊ ရွှေဆံတော်ဘုရားလမ်းမကြီးတို့၌ အမြဲတမ်းဈေးရောင်းနေသည့် ဈေးသည်များ တစ်နေရာတည်းတွင် တစ်စုတစ်စည်းဖြင့် စည်းကမ်းတကျ ရောင်းချရေး၊ စားသုံးသူပြည်သူအများ ကိုယ်ဝယ်ယူလိုသော စားသုံးကုန်များ ကြိုက်နှစ်သက်ရာကို စားသုံးနိုင်ရေး ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ တွံတေးမြို့ မင်းရဲကျော်စွာလမ်းမကြီး (ကမ်းနားနာရီစင်)တွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ညနေ ၃ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းဈေးတွင် စားသုံးသူများ ကိုယ်ကြိုက်နှစ်သက်ရာ ဝယ်ယူစားသုံးနိုင်ရန်၊ စည်းကမ်းတကျရှိစေရန်အတွက် ဆိုင်ခန်း ၅၈ ခန်းကို မဲစနစ်ဖြင့် နေရာချထားပြီး ဈေးရောင်းချသူများ နေရာဆိုင်ခန်းခပေးရန် မလိုကြောင်း သိရသည်။

ဈေးဆိုင်ခန်းများအတွက် ရေ၊ မီးအစုံ ဆောင်ရွက်ထားပြီး အဆိုပါ ညဈေးတန်းကို နေ့စဉ် ညနေ ၃ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**



ပြည်သူများ အပန်းဖြေလမ်းလျှောက်နိုင်ရန်အတွက် ကန်တော်ကြီး ပန်းခြံရှိ လျှောက်လမ်းတံတား တည်ဆောက်ထားမှုကို တွေ့ရစဉ်။
တင်စိုး(မြန်မာ့အလင်း)



# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် (၃)ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့တွင် (၄)ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ နမ့်စန်မြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် (၅)ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် (၆)ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြင်းမူမြို့နယ်၌ ဒေသခံရဟန်းရှင်လူပြည်သူ ၄၆၁၀၂ ဦး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီး



မြင်းမူ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ဒီဇင်ဘာ ၃၁ ရက်အထိ သာသနာ့နွယ်ဝင် ရဟန်းသံဃာတော်များ၊ မယ်သီလရှင်များ၊ အသက် ၁၂ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၄၆၁၀၂ဦးရှိပြီဖြစ်သည်။

မြင်းမူမြို့နယ် အတွင်းရှိ ဒေသခံ သာသနာ့နွယ်ဝင်များ ပြည်သူများအပါအဝင် စုစုပေါင်း ၉၉၀၅၂ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် လျာထားဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်အထိ ၂၀၅၇၉ ဦးကို ပထမအကြိမ် ကာကွယ်ဆေးနှင့် ဒုတိယအကြိမ်အဖြစ် ၁၇၅၂၃ ဦးကို ထိုးခဲ့ပြီးဖြစ်ရာ ယခုအချိန်အထိ မြင်းမူမြို့နယ်အနေဖြင့် စုစုပေါင်း ဒေသခံ ရဟန်းရှင်လူပြည်သူ ကျောင်းသား ကျောင်းသူပေါင်း ၄၆၁၀၂ ဦး ထိုးနှံပြီးစီးပြီဖြစ်ကြောင်းနှင့် ကာကွယ်ဆေးလုံးဝ မထိုးနှံရသေးသူများအား မြို့နယ်ပြည်သူ့အားကစားရုံ (မိုးလုံလေလုံ) အားကစားခန်းမ တစ်နေရာတည်းတွင်သာ နေ့စဉ်နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိုးနှံပေးလျက်ရှိကြောင်း၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဆေးထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

**အောင်စိုးဖေ(မြင်းမူ)**



အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်မှု ၁၄၁၃၂၀ ထိုးပေးနိုင်ပြီဖြစ်

ညောင်ဦး ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်မှု အခြေအနေ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းအထိ ၁၄၁၃၂၀ ထိုးနှံပေးခဲ့ပြီဖြစ်ကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။



ညောင်ဦးမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးနိုင်ရန် ညောင်ဦးမြို့နယ်တွင် သတ်မှတ်စုရပ် နေရာ ၁၂ နေရာဖြင့် ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာညောင်ဦးမြို့နယ်တွင် ပထမအကြိမ် Sino-pharm ကိုဗစ်ကာကွယ်ဆေးထိုးပေးနိုင်မှု ၈၆၁၃၀၊ Sinopharm ဒုတိယအကြိမ် ၄၈၃၅၀၊ Sinovac ပထမအကြိမ် ၃၆၂၄ ဦး၊ Sinovac ဒုတိယအကြိမ် ထိုးပေးနိုင်မှု ၃၂၁၆ ဦး စုစုပေါင်း ၁၄၁၃၂၀ ထိုးနိုင်ပေးနိုင်ပြီ ဖြစ်ကြောင်း ဆေးခွဲတမ်းရရှိမှုအပေါ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ဝေးလံသည့် ကျေးရွာများသို့လည်း နယ်လှည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံက သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီးပါသည်။

၂

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။



၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက်...

MOEE YESC

အိမ်ပိတ်၍ အပြင်သွားမည်ဆိုပါက လျှပ်စစ်မိန်းခလုတ်ကိုလည်း ပိတ်ပြီးမှ သွားသင့်ပါသည်။





# မော်လမြိုင်မြို့၌ နှစ်သစ်ကူးရုံးပိတ်ရက် ဘုရား၊ စေတီများနှင့် ညဈေးတန်းတို့၌ ပြည်သူများဖြင့် စည်ကားလျက်ရှိ

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၌ နှစ်သစ်ကူးကာလ ဇန်နဝါရီ ၁ ရက်မှစတင်၍ ပိတ်ရက်များအတွင်း ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိပြီး (ဝဲပုံ) ညပိုင်းတွင်လည်း ကမ်းနားလမ်းတစ်လျှောက် ဈေးဆိုင်တန်းတွင် ပြည်သူများ စည်ကားလျက်ရှိသည်။

မော်လမြိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း သိသာစွာ လျော့နည်းကျဆင်းမှုရှိသော်လည်း ဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလ ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန် တန်ခိုးကြီး ဘုရား၊ ပုထိုးစေတီများတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပေးထားပြီးဖြစ်ကာ ရဟန်းရှင်လူ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှု ဆောင်ရွက်မှုများရှိ သကဲ့သို့ စိတ်လက်အပန်းဖြေစရာ မြို့တွင်း ကမ်းနားလမ်းတစ်လျှောက် ညဈေးဆိုင်တန်းများတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း (ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်၌ အဆင့်မြင့်စက်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်မည်

**ဝန်းသို ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ဌာနက ဦးစီးပြီးတော့ မြို့နယ်အတွင်းမှာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းတွေဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာသင်တန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ အခြေခံဆံပင်၊ မိတ်ကပ်အလှပြင်သင်တန်း၊ အခြေခံဆိုင်ကယ်ပြင်သင်တန်း စတဲ့သင်တန်းများကို အကြိမ်ရေပေါင်း ၂၀ ထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးတော့ သင်တန်းသားသင်တန်းသူ ၇၀၀ ကျော်အထိ သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်” ဟု မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သုံးကြိမ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးကြိမ်၊ ၂၀၁၈-၂၀၁၉ မီနီဘတ်ဂျက်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၈-၂၀၁၉ ၁၂ လ ဘဏ္ဍာနှစ်တွင် ငါးကြိမ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သုံးကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် သုံးကြိမ် ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပြီးစီးပြီဖြစ်ပြီး အဆင့်မြင့်စက်ချုပ်သင်တန်း တစ်ကြိမ် ဖွင့်လှစ်ရန်ကျန်ရှိသဖြင့် သင်တန်းသားများကို ခေါ်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ ဆက်)**



# နှစ်သစ် အခါသမယတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား အေးချမ်းစွာ ဘုရားလာရောက်ဖူးမြော်သူ များပြား

**ကျိုက်ထို ဇန်နဝါရီ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို နှစ်သစ်ကူးအလုပ်ပိတ်ရက်များတွင် ဘုရားလာရောက်ဖူးမြော်ကြသည့် ပြည်သူများ အေးချမ်းစွာဖြင့် ဘုရားဖူးကုသိုလ်ယူ စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ကျိုက်ထိုမြို့၏ အထင်ကရ ဘုရားတစ်ဆူဖြစ်သည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများက တောင်တက်ကား၊ ကေဘယ်လ်များဖြင့် တောင်တော်ပေါ်သို့ အေးချမ်းစွာ တက်ရောက်လာကြပြီး ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင်များ ထွန်းညှိပူဇော်ကာ အေးချမ်းစွာဖြင့် ဘုရားဖူးမြော်လျက်ရှိကြသည်။



ကျိုက်ထီးရိုး ဘုရားဖူးလာရောက်သူ ပြည်သူများကို တွေ့ရစဉ်။

အဆိုပါ ဘုရားဖူးလာ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုနိုင်ရေး ဘုရားဂေါပကအဖွဲ့များက နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းသန်းမော်(ကျိုက်ထို)**

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် နွေစပါးနှင့် မိုးကြိုဝါစိုက်ကေများရှိသည့် မြို့နယ်တိုင်းကို ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ဦးစားပေးသီးနှံများဖြစ်သော နွေစပါးနှင့် မိုးကြိုဝါစိုက်ကေများရှိသည့် မြို့နယ်တိုင်းကို ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်က ပြောသည်။

လက်ရှိတွင် နွေစပါးနှင့် မိုးကြိုဝါသီးနှံများအတွက် စက်ရုံမှထုတ်ယူပြီး ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယူရီးယားဓာတ်မြေဩဇာ ၅၀ ကီလိုတစ်အိတ်လျှင် ဈေးနှုန်းသတ်မှတ်ထားရာတွင် စက်ရုံထုတ်ဈေးအနေဖြင့် ငွေကျပ် ၃၀၀၀၀ နှုန်းဖြစ်ကာ သယ်ယူစရိတ်နှင့် ကုန်ကျစရိတ် တွက်ချက်ပြီး တောင်သူများကို တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ရောင်းချရာ၌ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ငါးလအတွင်း နွေစပါးနှင့် မိုးကြိုဝါအတွက် တန်ချိန် ၃၄၇၅ ကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး နွေစပါးဧကပေါင်း ၁၁၈၀၀၀ အတွက် တစ်ဧကလျှင် အိတ်ဝက် ၂၅ ကီလိုနှုန်းနှင့် အိတ်ပေါင်း ၆၀၀၀၀ နီးပါး၊ မိုးကြိုဝါစိုက်ဧက ၁၀၀၀၀ အတွက် တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် အိတ်ပေါင်း ၁၀၀၀၀ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“တိုင်းဒေသကြီးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေဩဇာကို တောင်သူတွေလိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့သီးနှံအတွက် ဈေးချိုချို နဲ့ ဝယ်ယူသုံးစွဲနိုင်အောင် ရောင်းချပေးတာပါ။ အပြင်ဈေးကွက်မှာ ဈေးနှုန်းက တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပါတယ်။ အပြင်ထက်ကို ထက်ဝက်မကပါဘူး။ ဈေးသက်သာစွာနဲ့ ရောင်းချပေးသွားမှာပါ။ လက်ရှိတောင်သူတွေ ဓာတ်မြေဩဇာအခက်အခဲဖြစ်ပြီး သွင်းအားစု ဈေးကြီးနေတာကြောင့် နိုင်ငံတော်ကနေ တကယ်လိုအပ်နေတဲ့ တောင်သူတွေအတွက် အရေးကြီးသီးနှံတွေ ထုတ်လုပ်မှုကျဆင်းမသွားစေဖို့ ရောင်းချပေးတာပါ။ တောင်သူတိုင်း မဟုတ်ပါဘူး။ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာ ဌာနတွေနဲ့၊ မြို့နယ်မှာရှိတဲ့ ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကော်မတီတွေက အတည်ပြုတဲ့ အမှန်တကယ် နွေစပါးစိုက်ပျိုးတဲ့ တောင်သူတွေစာရင်းကို ပြုစုပြီးတော့မှ ကျေးရွာရဲ့အတည်ပြုချက်နဲ့ ရောင်းချပေးသွားမှာပါ” ဟု ၎င်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် ခွဲတမ်းရရှိသည့် တန်ချိန် ၃၄၇၅ မှ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့အတွက် တန်ချိန် ၂၀၀ ကို စတင်ထုတ်ယူပြီး သက်ဆိုင်ရာ မုရင်းနွေစပါးစိုက်သည့် ဧကများရှိသော မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ အမရပူရ၊ ငါန်းဇွန်မြို့နယ်နှင့် မိုးကြိုဝါစိုက်ပျိုးသည့် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့တွင် စုဆောင်းထားရှိပြီးဖြစ်ကြောင်း၊ အဓိကအနေဖြင့် နွေစပါး မုရင်းအများဆုံးစိုက်သည့် မတ္တရာ၊ စဉ့်ကူး၊ အမရပူရ၊ ငါန်းဇွန်မြို့နယ်တို့ကို ဦးစွာပထမပေးပို့ပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့် ရိုးရိုးနွေစပါးစိုက်ပျိုးမည့်ကေများကို ယခုဇန်နဝါရီလလယ်မှစ၍ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် နွေစပါးများစိုက်ပျိုးသည့် ရာသီဖြစ်၍ မျိုးကောင်းမျိုးသန့်သုံးစွဲပြီး စနစ်တကျအထွက်တိုးနည်းစနစ်များ လိုက်နာကာ စိုက်ပျိုးသည့် တောင်သူများကို ဦးစားပေးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပထမအကြိမ် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအဆင့် ပထမအကြိမ် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ် ပြပွဲပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်မွေးမြူရေးခြံ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးအောင်သန်းဦး၊ ရန်ကုန်မြို့တော်ဝန် ဦးဘိုငွေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ တိုးမင်းထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးဝန်ကြီးက ယခုကဲ့သို့ ပြပွဲပြိုင်ပွဲကိုကျင်းပပေးခြင်းဖြင့် အရည်အသွေးမြင့် ထုတ်လုပ်မှုကောင်းမွန်သော ဒေသ နွား၊ နို့စားနွားနှင့် သိုး/ဆိတ် မျိုးကောင်းများ၏ အရပ်ဒေသကိုသိရှိနိုင်ပြီး မွေးမြူရေးသမားများ အပြန်အလှန် ဆက်သွယ်မှုကွန်ရက်ကျယ်ပြန့်လာမှုဖြင့် မွေးမြူရေးနည်းပညာများ ဖလှယ်နိုင်သည့်အပြင် ပြိုင်ပွဲဝင်တိရစ္ဆာန်များ၏ တန်ဖိုးနှင့် အမူအကျင့်တို့ကို ပိုမိုလေ့လာ သိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးဝန်ကြီးနှင့် အဖွဲ့သည် ပြခန်းများနှင့် နို့စားနွားများ နို့အရည်အသွေးယှဉ်ပြိုင်မှု၊ နွားသိုးများအလှ၊ အသားစားနွားနှင့် ဆိတ်အလှတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားတိုးနွားနှင့် သိုး/ဆိတ် ပြပွဲပြိုင်ပွဲကိုကျင်းပရခြင်းသည် မြန်မာ့မွေးမြူရေးတိရစ္ဆာန်တို့၏ အလှနှင့် အသားထုတ်လုပ်မှုကို သိရှိစေလျက် ကျေးလက်ဒေသများ တိရစ္ဆာန်မွေးမြူမှုမှ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်ခြင်းဖြစ်သည်။

ပြပွဲ ပြိုင်ပွဲတွင် မြန်မာ့နွားသိုးအလှပြိုင်ပွဲ၊ အသားတိုးနွားအထီး၊ အမပြိုင်ပွဲ၊ နို့စားနွားအထီး၊ အမပြိုင်ပွဲ၊ ဆိတ်အထီး၊ အမပြိုင်ပွဲတို့အတွက် ဆုကြီးခုနစ်ဆုနှင့် ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုတို့ကို ထိုက်တန်စွာဖြင့် ဇန်နဝါရီ ၃ ရက်၌ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ညီမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**





ဘရိုက်တန်ကစားသမား အလစ္စတာ အဲဗာတန်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

# အိမ်ကွင်းမှာ ဘရိုက်တန်ကို ရှုံးနိမ့်ခဲ့သည့် ဘင်နီတက်ဇ်၏ အဲဗာတန်

ပရီမီယာလိဂ်ပွဲစဉ် (၂၁) မှ အဲဗာတန်နှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၂ ရက် ညပိုင်းက ဂွတ်ဒီဆင်ပတ်ခ်၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများနှင့်အတူ ဘရိုက်တန်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်အသင်းသည် ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။ ဘရိုက်တန်အသင်းသည် ပွဲချိန် သုံးမိနစ်တွင် အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး အလစ္စတာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဒုတိယဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် ဘန်းက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၂၅ မိနစ်တွင် အဲဗာတန်အသင်း ပယ်နယ်တီမှ ချေပဂိုးသွင်းယူရန် အခွင့်ရရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

ဘရိုက်တန်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် အလစ္စတာက သွင်းယူပေးနိုင်ခဲ့ပြီး အဲဗာတန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ဂေါ်ဒွန်က သွင်းယူပေးနိုင်ခဲ့သည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ဝက်စ်ဟမ်းက ပဲလေ့စ်ကို သုံးဂိုး–နှစ်ဂိုး၊ ဘရန့်ဖို့ဒ်က ဗီလာကို နှစ်ဂိုး–တစ်ဂိုး၊ လိဒ်စ်က ဘန်လေကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့ ပြင်ဆင်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် ၂၀၂၂ ခုနှစ် မေလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာဘိလိယက်အဖွဲ့သည် ၂၀၂၁ နှစ်လယ်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ကစားသမား ခုနစ်ဦး ရွေးချယ်ထားသည်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် မြန်မာဘိလိယက်အဖွဲ့ အနေဖြင့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့သော်လည်း ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ လေ့ကျင့်မှုပြည့်ဝနေစေရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ စခန်းဝင် လေ့ကျင့်လျက်ရှိပြီး ဘိလိယက်၊ စနူကာနှင့် Pool ကစားသမားများ ပါဝင်လျက်ရှိသည်။ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင်ဘိလိယက်အားကစားနည်း၌ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်သော်လည်း မြန်မာဘိလိယက်အဖွဲ့အနေဖြင့် ပြိုင်ပွဲခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့အနေဖြင့် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲနှင့် Pool 10 Ball တစ်ဦးချင်းပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များအနက် အအောင်မြင်ဆုံးဖြစ်ခဲ့ပြီး ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–လင်းလွန်းအိမ်**



# ညာခံစစ်ကစားသမား ထရစ်ပီယာကိုခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်လိုက်သည့် နယူးကာဆယ်အသင်း

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အင်္ဂလန် ညာခံစစ်ကစားသမား ထရစ်ပီယာကို ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ အပြောင်းအရွှေ့ဖြစ်မြောက်လာပါက ထရစ်ပီယာသည် ဇန်နဝါရီအပြောင်းအအရွှေ့ကာလတွင် နည်းပြ ဟိုဝီ ပထမဆုံးခေါ်ယူသည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။

အသက် ၃၁ နှစ်အရွယ် ထရစ်ပီယာသည် ၂၀၁၉ ခုနှစ်တွင် စပါးအသင်းမှ ပေါင်သန်း ၂၀ ဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၈၃ ပွဲ ပါဝင်ကစားထားသည်။ နယူးကာဆယ်အသင်းနည်းပြ ဟိုဝီသည် ၎င်းဘန်လေအသင်းတွင် နည်းပြခဲ့စဉ် ၂၀၁၂ ခုနှစ်က ထရစ်ပီယာကို မန်စီးတီးအသင်းမှ အငှားခေါ်ယူကာ လက်တွဲအလုပ်လုပ်ဖူးသည်။

ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ထရစ်ပီယာကို မန်ယူ၊ အာဆင်နယ်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားခဲ့သော်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းက သတ်မှတ်ထားသော ပြောင်းရွှေ့ကြေး ပေါင် ၅၁ သန်းကို ပေးချေလိုခြင်း မရှိသောကြောင့် အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့သည်။

အင်္ဂလန်အသင်းအတွက် ၃၅ ပွဲ ပါဝင်ကစားပေးထားသော ထရစ်ပီယာသည် ပြီးခဲ့သည့်နွေရာသီတွင် အင်္ဂလန်အသင်း ယူရို ၂၀၂၀ ဗိုလ်လုပွဲသို့ ရောက်ရှိအောင် ကူညီပေးထားသည်။ ထို့အပြင် ထရစ်ပီယာသည် ယမန်နှစ်က အက်သလက်တီကိုမက်ဒရစ်အသင်း လာလီဂါ အမှတ်ပေးဖလားရရှိအောင်လည်း ကူညီပေးထားနိုင်သူ ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး ရှစ်ပွဲသရေကျကာ ၁၀ ပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် အဆိုပါ ၁၉ ပွဲတွင် ပေးဂိုးက ၄၂ ဂိုးအထိရှိနေသည့်အတွက် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရှိနေခြင်းလည်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် ဇန်နဝါရီ ၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်ကို အသင်းကစားသမားများ ကိုဗစ်–၁၉ ကူးစက်မှုနှင့် ဒဏ်ရာရရှိမှုများရှိနေသည့်အတွက် ရွှေ့ဆိုင်းထားသည်။

**အောင်ဇော်**

## လယ်ဝေးမြို့နယ်ရှိ သမဝါယမအသင်း နှစ်သင်းက စပါးများဝယ်ယူ

လယ်ဝေး ဇန်နဝါရီ ၂

သမဝါယမကဏ္ဍမှ စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိနှင့် ဇေယျာသီရိမြို့နယ်များမှ မြို့နယ်သမဝါယမအသင်းစုများနှင့် အခြေခံသမဝါယမအသင်းများက အသင်းသားတောင်သူများ စိုက်ပျိုးထားသော ဆင်းသုခ၊ မနောသုခ၊ ဧရာမင်း၊ မဂျမ်းတောနှင့် သုခစပါးများကို ဝယ်ယူမည်ဖြစ်သည်။

ယခုအခါ လယ်ဝေးမြို့နယ် ပိတောက်ချောင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ရွှေမူလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများမှ ဆင်းသုခနှင့် မနောသုခ စပါးတင်း ၂၀၀ ကို ဝယ်ယူသိုလှောင်ထားရှိကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်မြစ်တွင်း ခရီးသည်ပို့ဆောင်သော စက်တပ်သမ္ဗန်တစ်စင်း တိမ်းမှောက်မှုဖြစ်၊ ခရီးသည် ၁၀ ဦး ကယ်ဆယ်နိုင်ခဲ့ပြီး တစ်ဦး ပျောက်ဆုံးနေ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြစ်တွင်း မော်တင်ဆိပ်ကမ်းနှင့် မှော်စက်သမ္ဗန်ကူးတို့ဆိပ်တို့သို့ ခရီးသည်တင်ပို့ဆောင်သော စက်တပ်သမ္ဗန်တစ်စင်း ယနေ့ နံနက် ၉ နာရီက မော်တင်ဆိပ်ကမ်းဘက်၌ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၁ ဦးအနက် ၁၀ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ခရီးသည် တစ်ဦး ပျောက်ဆုံးမှု ဖြစ်ပွားခဲ့ကြောင်း မြို့နယ်စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်ကမ်းရှိ မော်တင်ဆိပ်ကမ်း၌ ခရီးသည်တင်ဆောင်၍ ဒလဘက်ကမ်းရှိ မှော်စက်သမ္ဗန်ကူးတို့ဆိပ်သို့ မောင်းနှင်ထွက်ခွာမည့် သမ္ဗန်တစ်စင်းသည် ရှေ့တည့်တည့်မှ မောင်းနှင်လာသည့် သမ္ဗန်တစ်စင်းအား မော်တင်ဆိပ်ကမ်းအနီးတွင် ရှောင်တိမ်းစဉ် ရေစီးအားကြမ်းမှုကြောင့် သမ္ဗန်ဦးခေါင်း မထိန်းနိုင်ဘဲ အနီးရှိ ကားကူးဇက်ရေယာဉ်အောက်သို့ ဝင်ရောက်မှုဖြစ်ပွားခဲ့ရာမှ နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအပါအဝင် စုစုပေါင်း ခရီးသည် ၁၁ ဦး လိုက်ပါခဲ့ပြီး ခရီးသည် ၁၀ ဦးအား ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးနှင့် အခြားအမျိုးသမီးတစ်ဦးမှာ ရေမွန်းမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသမှုခံယူပြီး ပြန်လည်ကောင်းမွန်သွားကြောင်း၊ ခရီးသည် တစ်ဦးမှာ ရေနစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေကြောင်း၊ မြို့နယ်စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ရွှေပျံလွှားအမည်ရှိ စက်တပ်သမ္ဗန်ရေယာဉ်မောင်းသူ ဦးစန်းအောင်အား ရေကြောင်းရဲစခန်းမှ ဖမ်းဆီးခေါ်ဆောင်၍ ဗိုလ်တထောင်ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ပျောက်ဆုံးနေသော ခရီးသည်တစ်ဦးမှာ မှော်စက် စက်တပ်သမ္ဗန်ကူးတို့ဆိပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန်ဖြစ်ကြောင်း သိရသည်။

သုတ

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည် မြို့နယ်နှင့် အောင်မြေသာစံ မြို့နယ်တို့၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ည ၉ နာရီခွဲတွင် သတင်းအရ ကျောက်ဆည်မြို့နယ် ရဲရွာအနီး ကားလမ်းဘေးတွင် AD Van မော်တော်ယာဉ်မောင်းနှင်သူ ကျော်ဇင်လင်း ကို ၎င်းသယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါဘိန်းဖြူများကို ပြင်ဦးလွင်မြို့နယ်မှ ပြည်ကြီးတံခွန်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်း ၈၆ x ၈၇ လမ်းကြားတွင် နေမျိုးအောင်ကို Foton ခြောက်ဘီးယာဉ် တစ်စီးနှင့် လည်းကောင်း၊ မင်းမင်းဦးကို ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း တွေ့ရှိသဖြင့် ရှာဖွေရာ မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၆၉ ကီလို၊ ဘိန်း ၈ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အောင်မြေသာစံမြို့နယ်တွင် နေမျိုးအောင်နှင့် မင်းမင်းဦးကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



ကျောက်ဆည်မြို့နယ်တွင် ကျော်ဇင်လင်း ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ရေကြည်မြို့နယ်၌ အောင်သစ္စာဆန်စက်၏ ဖွဲကြိတ်စက် အပူရှိန်လွန်ကဲရာမှမီးလောင်

ရေကြည် ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ ဒေါင့်မဒေါ့ကျေးရွာအုပ်စု ငှက်ပျောတောကွင်းကျေးရွာ ပုသိမ် – မုံရွာကားလမ်းဘေးရှိ အောင်သစ္စာဆန်စက်၏ ဖွဲကြိတ်စက် ဒီဇင်ဘာ ၃၁ ရက် ည ၉ နာရီခွဲက အပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်ပွားသည်။

"မီးလောင်မှုဖြစ်ပွားတာ ဟုတ်ပါတယ်။ ဒေါင့်မဒေါ့အုပ်စု ငှက်ပျောတောကွင်းကျေးရွာမှာ ဦးဝင်းထွန်းလှိုင် ၃၇ နှစ် စက်ပိုင် အောင်သစ္စာဆန်စက် ဖွဲကြိတ်စက် အပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်တာပါ" ဟု ကျေးရွာတာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ဝင်း၊ ရာအိမ်မှူး ဦးလှမြင့်နှင့် ကျေးရွာနေပြည်သူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင် ဦးစီးလျက် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အသုတ်မြို့ အရန်မီးသတ်မီးသတ်စခန်းမှ တပ်ခွဲမှူး ဦးလှအေးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် ပေါ့ဆစွာမီးသုံးစွဲသူ ဦးဝင်းထွန်းလှိုင် အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆန်းတင့် (ရေကြည်)

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 2M/8888, B.M.W 528 I, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၁၂/အလန(နိုင်)၀၃၄၄၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ရခိုင်ပြည်နယ် မောင်တောမြို့နယ် လသာရပ်ကွက်(အောက်)ရွာရှိ နေအိမ်လေးလုံး မီးလောင်မှုဖြစ်ပွား

မောင်တော ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယနေ့နံနက်ပိုင်းက လသာကျေးရွာအုပ်စု လသာအောက်ရွာရှိ နေအိမ်လေးလုံး မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။

မောင်တောမြို့ လသာကျေးရွာအုပ်စု လသာအောက်ရွာရှိ နေအိမ်များ မီးလောင်မှုဖြစ်ပွားနေကြောင်းသတင်းအရ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရွှေခိုင်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးလောင်ပြင်သို့ သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ဦးရေဇူဘာ (၃၅)နှစ်၏ နေအိမ်အတွင်းရှိမီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ဝါးထရံကို မီးကူးစက်လောင်ခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးရေဇူဘာအား မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ အရေးယူနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး
(ပြန်/ဆက်)

## မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး ၁၃၈၄ခုနှစ်၊ (၁၂၆)နှစ်မြောက် ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန်နှိုးဆော်လွှာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း၊ တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး(၇)မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊သူတော်၊ သီလရှင် အလှူခံ ပုဂ္ဂိုလ်ပေါင်း(၆၀၀၀၀)ကျော်တို့အား မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီးမှ ၁၃၈၃-၈၄ခုနှစ်၊ (၁၂၆)နှစ်မြောက်အတွက် မဟာသံဃိကတဏ္ဍုလဒါန ဆွမ်းဆန်တော် များလှူဒါန်းနိုင်ရန်အတွက် အလှူရှင်များ၊ သင်းထောက်အဖွဲ့များမှ ပေးပို့လှူဒါန်း လျက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျက်ရှိ ပါသည်။

၅-၁-၂၀၂၂ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူသင်းထောက်အဖွဲ့များ အသီးသီးသို့အလှူခံ ခရီးစဉ် စတင်ထွက်ခွာပါမည်။

ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့
မလွန်ဈေးဆန်လှူအသင်းကြီး၊
မန္တလေးမြို့
ဖုန်း-၀၂-၄၀၃၉၂၄၀

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| (၁) | ၅၆/မမ/CE | Rail Seat Liner (10,000)Nos ဝယ်ယူရန် |
| (၂) | ၅၇/မမ/CE | တိုင်း(၄)ကလော၊ ဘန်းယဉ်ဘူတာနှင့် ပို့ဆောင်ရေးဝန်ထမ်းနေအိမ်အတွက် အဝီစိတွင်းတူးခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း |
| (၃) | ၅၈/မမ/CE | ဆိုက်ခေါင်ဘူတာရှိ ဝန်ထမ်းများရေရရှိရေးအတွက် အဝီစိတွင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း |
| (၄) | ၅၉/မမ/CE | တိုင်း(၈)မော်လမြိုင်၊ အငယ်တန်းအင်ဂျင်နီယာ(၁)လုပ်ငန်းမော်လမြိုင် RC ရုံး တည်ဆောက်ခြင်း(840 Sft)(40'x18'x10')+(12'x10'x10') ကွန်ကရစ်ခင်း 4½" အုတ်နံရံ၊ 4 Angle Colour Sheet အမိုးလုပ်ငန်း |
| (၅) | ၆၀/မမ/CE | အငယ်တန်းအင်ဂျင်နီယာ(၁)သံလမ်း၊ နတ်ကြီးစင် RC ရုံး တည်ဆောက်ခြင်း (ချောင်းတောင်)(840 Sft)(40'x18'x10')+(12'x10'x10') ကွန်ကရစ်ခင်း 4½" အုတ်နံရံ၊ 4 Angle Colour Sheet အမိုးလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၃၁.၁.၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃၀.၁၂.၂၀၂၁) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း 294352, 291985, 291994

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၄၀၁)၊(၂၀x၆၀)ပေအကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကိုဝင်း အမည် ပေါက်နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄၉)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၁၄၀၁/က) ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်မြင့် သီတာငြိမ်း ၁၂/မရက(နိုင်)၁၁၂၈၂၁ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးသန္တာပြုံး ၁၄/ဓနဖ (နိုင်)၂၀၇၉၃၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊
(၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်(၆-က)လမ်းမကျယ်အကွက်၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ ဒေါ်ခင်နေယု အမည်ပေါက်ပိုင်ဆိုင်သော အရှေ့ဦးပိုင်(၃၄)၊ အနောက်ဦးပိုင် (၃၆/က)၊ တောင်နံပါတ်(၁၁)လမ်း၊ မြောက်ဦးပိုင်(၃၄)အတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကို ဦးဟန်စိုးမှ အမည်ပြောင်းပေးရန် လျှောက်ထားမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ နှင့်တကွ သတ်မှတ်ကာလအတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
တောင်ငူမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/2936 Suboru Sam bor P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူထက် ၁၂/စခန(နိုင်)၀၆၈၃၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/83536 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းပြည့်စုံ ၇/ညလပ(နိုင်)၂၂၅၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

အောင်ကမ္ဘာ
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်ကမ်းရပ်၊ ပတ္တမြားလမ်း၊ အမှတ် ၁၀ တွင် နေထိုင်သူများဖြစ်ကြသည့် ဦးစိုးဦး ၆/မမန(နိုင်)၁၄၃၉၂၇ နှင့် ဒေါ်ဝင့်ဝါမွန် ၆/ထဝန(နိုင်)၀၉၉၇၆၂ တို့သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မြိတ်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၅-၁၂-၂၀၂၁)ရက်စွဲပါစာချုပ် အမှတ် ၁၁၂/၂၀၂၁ အရ မိမိတို့ မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင် ထားခဲ့ပြီးဖြစ်ပါသည်-

Julia
Registration No
Ah Sa 6(27216)
Ph : 09-422194913

Julia
Bakery
Ph : 09 422194913, 09 254243529

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဦးစိုးဦးနှင့် ဒေါ်ဝင့်ဝါမွန်တို့သည် မုန့်မျိုးစုံကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား ဖြစ်စေ စားသုံးသူ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲဖြန့်ဖြူးရောင်းချ ခြင်းများ မပြုလုပ်ရန်နှင့် တုပသုံးစွဲဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးဦး၊ ဒေါ်ဝင့်ဝါမွန် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်ငြိမ်း
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၄၁၃)
အခန်း ၅၀၄၊ (၅-လွှာ)၊ တိုက်(A)
ကုန်းမြင့်သာအိမ်ရာ၊ ရေပုန်းရပ်၊ မြိတ်မြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး (၆)၊RA VI, ကွက်ပြင်၊ ဦးပိုင်အမှတ်(၆က/၁၁၇)၊ မြေဧရိယာ ၀ ဒသမ ၁၄၇ဧကရှိ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃ အမည်ပေါက် ဂရန်မြေကွက်နှင့်မြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့် သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံ သော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်ဖြိုး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၅၄/၂၃-၁-၂၀၁၄)
အခန်းအမှတ်(ဘီ-၁)၊ အမှတ်(၂၅-ဃ)၊
မေခလမ်း၊ ဟော်ကုန်း ၂-ကွက်၊
ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၃၁၅၅၄၇၂

## ဂရိတ်ဝေါလ်ဝေမာဟိုးလ်ဒင်းကုမ္ပဏီပိုင် သကြားများ ရောင်းဝယ်နေမှုများနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင်ဖွင့်လှစ်ထားသော Great Wall Foodstuff Industry Co.,Ltd(GWFS)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၂။ ဂရိတ်ဝေါလ်ဝေမာဟိုးလ်ဒင်းဖက်စပ်ကုမ္ပဏီသည် စင်ကာပူနိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဝေမာကုမ္ပဏီမှ အစုရှယ်ယာ ၅၅% နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်းတို့မှ အစုရှယ်ယာ ၄၅% ထည့်ဝင်ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီဖြစ်ပါသည်။

၃။ ဂရိတ်ဝေါလ်ဝေမာဟိုးလ်ဒင်းဖက်စပ်ကုမ္ပဏီတွင် ဝေမာဘက်မှ ခန့်ထားသောဒါရိုက်တာများနှင့် ဂရိတ်ဝေါလ်ဘက်မှ ခန့်ထားသော ဒါရိုက်တာများပါဝင်သည့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းထားသော်လည်း ဝေမာကုမ္ပဏီသည် ရှယ်ယာအသာစီးရယူမှုကို အခွင့်ကောင်းယူကာ ဖက်စပ်ကုမ္ပဏီ၏ငွေရေးကြေးရေး ဘဏ္ဍာရေးအပါအဝင် စီမံအုပ်ချုပ်ကိစ္စရပ်များမှ ဂရိတ်ဝေါလ်ကုမ္ပဏီကို ဖယ်ထုတ်ပြီး၊ ဖက်စပ်ကုမ္ပဏီကို ၎င်းတို့တစ်ဦးတည်းသာ စိုးမိုးခြယ်လှယ်လုပ်ကိုင်လျက်ရှိပါသည်။ မိမိတို့ ရသင့်ရထိုက်သော အမြတ်ဝေစုများခွဲဝေပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ကုမ္ပဏီတွင် အမြတ်အစွန်းများရှိနေပါလျက်နှင့် ဖက်စပ်ကုမ္ပဏီ စတင်တည်ထောင်သည့် ၂၀၁၃ခုနှစ်မှ ယခုထိ လုံးဝခွဲဝေပေးခဲ့ခြင်းမရှိပါ။ အဆိုပါအနိုင်ကျင့်မှုများကြောင့် နှစ်ဖက်လမ်းခွဲရန် တောင်းဆိုရာတွင်လည်း သဘောမတူသဖြင့် ဂရိတ်ဝေါလ်အပေါ် သက်သက်မဲ့အနိုင်ကျင့်လျက်ရှိပါသည်။ သို့ပါ၍ ဂရိတ်ဝေါလ်က မြန်မာနိုင်ငံတရားရုံးများတွင်လည်းကောင်း၊ စင်ကာပူနိုင်ငံ ခုံသမာဓိရုံးတွင်လည်းကောင်း၊ တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခွင့် ပြုပါရန် လျှောက်ထားတင်ပြထားပါသည်။

၄။ ဖက်စပ်ကုမ္ပဏီတွင် သကြားရောင်းချခြင်းမှာ ကုမ္ပဏီ၏အဓိက အသက်သွေးကြောဖြစ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ နှစ်ဖက်သဘောတူစာချုပ်များအရ ထိုသို့သော အဓိကကျသည့် စီးပွားရေးမူဝါဒ ဆိုင်ရာကိစ္စများကို ကုမ္ပဏီ၏အကြီးတန်း ဝန်ထမ်းအဖွဲ့တွင် လုပ်ပိုင်ခွင့်မရှိဘဲ ဒါရိုက်တာအဖွဲ့တွင်သာ လုပ်ပိုင်ခွင့်ရှိပါသည်။ ဒါရိုက်တာအဖွဲ့သည်ပင်လျှင် အထက်ပါသကြား ရောင်းချရေးမူဝါဒများတွင် ဒါရိုက်တာမဲအများစု ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ခွင့်မရှိဘဲ ဝေမာနှင့် ဂရိတ်ဝေါလ်တို့ နှစ်ဖက်သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်နိုင်သည်ဟု အတိအလင်းဖော်ပြပါရှိပါသည်။ ထိုသို့ သကြား ရောင်းချခြင်းကို ဖက်စပ်ကုမ္ပဏီ စတင်တည်ထောင်သည့် ၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဝေမာနှင့် ဂရိတ်ဝေါလ်တို့အတူ ညှိနှိုင်းအတည်ပြုပြီး ရောင်းချလာခဲ့ကြပါသည်။

၅။ သို့ရာတွင် ယခုအခါ ဝေမာဘက်မှ ခန့်ထားသောဒါရိုက်တာများသည် ဂရိတ်ဝေါလ်ဘက်သို့ တိုင်ပင်ဆွေးနွေးအတည်ပြုခြင်းမပြုဘဲ ၎င်းတို့တစ်ဦးတည်း၏သဘောဆန္ဒဖြင့်သာ သကြားများကို စီမံခန့်ခွဲရောင်းချရန် စီစဉ်နေကြောင်းကြားသိရသဖြင့် ထိုသို့ဆောင်ရွက်ခြင်းမပြုရန်နှင့် နှစ်ဖက်ညှိနှိုင်းတိုင်ပင်ပြီးမှသာ ဆောင်ရွက်ရန်ကိုလည်းကောင်း၊ အကယ်၍ နှစ်ဖက်တိုင်ပင်ခြင်းမပြုဘဲ နှစ်ဖက်သဘောတူစာချုပ်များကို ချိုးဖောက်ကာ ဇွတ်အတင်းအဓမ္မဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လည်းကောင်း ဝေမာဘက်မှ ဒါရိုက်တာများထံ အသိပေးအကြောင်း ကြားထားပြီးဖြစ်ပါသည်။

၆။ သို့ပါ၍ မိတ်ဆွေ သကြားကုန်သည်ကြီးများအနေဖြင့် ဂရိတ်ဝေါလ်နှင့် ဝေမာ နှစ်ဖက်အတည်ပြုချက်ဖြင့် ရောင်းချသော သကြားများကိုသာ အရောင်းအဝယ်ပြုလုပ်ကြပြီး ဝေမာတစ်ဦးတည်း၏ သဘောဆန္ဒအလျောက် ဥပဒေ၊ စည်းကမ်းနှင့် ဆန့်ကျင်ရောင်းချသော သကြားများကို အရောင်းအဝယ် မပြုလုပ်ကြပါရန် လေးစားစွာအသိပေးတိုက်တွန်းအပ်ပါသည်။ အကယ်၍ မိမိတို့ ဂရိတ်ဝေါလ် ဘက်မှ သတိပေးလျက်နှင့် အရောင်းအဝယ်ပြုလုပ်ခြင်းများရှိခဲ့လျှင်မူ မိတ်ဆွေသကြားကုန်သည်ကြီးများ၏ တာဝန်သာဖြစ်ပါကြောင်း စေတနာကောင်းဖြင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၀၃၆) (၂၁-၁၂-၂၀၁၁)
LL.B(Q); Dip in Business Law, Int'l Dip in E-Commerce(NCC,UK)
Dip in Political Science
"Nandar & Associates" Legal Services Co.,Ltd
(၂၄/၂)၊ ၈၄ လမ်း၊ ၂၄x၂၅ လမ်းကြား၊ ဒါးတန်းဝင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
ရုံးဖုန်း-၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅၊ ၀၉-၄၂၀၇၄၄၈၄၃

လွှဲအပ်ညွှန်ကြားသူ-
ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီ
မန္တလေးမြို့

### ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး
## ဆရာ ဦးလှတိုး
### လ/ထ ကထိက(ငြိမ်း)ရူပဗေဒ ဌာန
### ရန်ကုန်တက္ကသိုလ်(ပင်မ)(၁၉၈၆-၁၉၉၆)
### စစ်တက္ကသိုလ်၊ မေမြို့(၁၉၆၃-၁၉၈၆)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးအာကာသန်း-ဒေါ်သိန်းခင်)တို့၏သားကြီး၊ ဝါးခယ်မမြို့နယ်နေ(ဦးထွန်းဖေ-ဒေါ်အေးကြည်)တို့၏သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဧယျာသုခလမ်း၊ အခန်း ၃၀၂၊ အမှတ် ၇၈၄နေ ဒေါ်အုန်းမြ(စက်မှု/စားကုန်-ငြိမ်း)၏ခင်ပွန်း၊ ဦးကြည်ဖြူ (GM-City Press Pile Co.,Ltd)-ဒေါ်ခင်မာသက်(တိုင်းဦးစီး၊ အလုပ်သမားဝန်ကြီးဌာန)၊ ဦးအောင်ထက်(ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)-ဒေါ်သင်းသင်းနီ၊ ဦးညီညီထွန်း-ဒေါ်နိုင်နိုင်ဦးတို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၁-၂၀၂၂ရက် နံနက် ၇:၅၅နာရီတွင် လူကြီးရောဂါ ဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးမင်းကို
### တရားလွှတ်တော်ရှေ့နေ
### အသက်(၇၈)နှစ်

အောင်လံမြို့နေ(ဦးစံဖြိုး-ဒေါ်ချစ်ယဉ်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးလှခင်-ဒေါ်လှရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့ နေ ဒေါ်ကြည်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ဇာနည်ကို-ဦးဝင်းအောင်မြင့်၊ ဒေါက်တာဇာခြည်ကို-ဒေါက်တာ ဇင်မောင်လွန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသဖခင်၊ မဖူးမြတ်ဇာနည်၊ မောင်ဘုန်းမြတ်ကျော်၊ မရှင်းသီရိလွန်း၊ မောင်ဘုန်းမြတ်လွန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးဦးမင်းကိုသည် ၃၁-၁၂-၂၀၂၁ရက် နံနက် ၉:၅၅နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/56295 ထရော်လာဂျီ F/T(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာ ဌေး ၉/မသန(နိုင်)၁၂၉၈၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

---

**တစ်ဦးတည်း ဖြစ်ကြောင်း**

သရက်ခရိုင်၊ ကံမမြို့နယ်၊ ဂွန်းတောင်ကျေးရွာနေ ဒေါ်ရင်ဌေး (ခ) ဒေါ်ယဉ်ဌေး ၈/ကမန(နိုင်)၀၀၃၆၂၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

### ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊မြေနဲကျေးရွာ၊ အကွက်အမှတ်နှင့် အမည် (၇၀၆/မြေနဲ-န)၊ ဦးပိုင်အမှတ် (၃၇၆/၂၊ ၃၈၂)၊ ဧရိယာ ၁ ဒသမ ၄၃ ဧကရှိမြေအား ဒေါ်စိုးနန္ဒာဦးအမည်ဖြင့် (စက်မှုစီးပွား)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် အမည်ပြောင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

---

### အမွေစားအမွေခံ ကိတ္တိမသားအဖြစ်မှ မွေးစားပြီးစီးခြင်း အများသိစေရန်ကြော်ငြာစာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေး(ဘ)ဦးငြိမ်းမောင် ၁၂/မဂတ(နိုင်)၀၄၈၇၄၈ ကိုင်ဆောင်သူမှ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေးမှ ၎င်း၏ကောင်းမွေ၊ ဆိုးမွေခံသားအဖြစ် ဦးသန့်ဇင် ဦး(ဘ)ဦးမြင့်လွင် ၁၂/မဂတ(နိုင်)၀၉၆၁၈၉ ကိုင်ဆောင်သူကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ ၃၀-၁၂-၂၀၂၁ ရက်တွင် အမွေစားအမွေခံ ကိတ္တိမသားအဖြစ် တရားဝင်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်သန်းသန်းအေး** ဒေါ်အေမီမောင်မောင်
(LL.B(Q); B.D.S, D.I.P.L; D.B.L; D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၇၆)
အမှတ် ၇၇၊ ပထမထပ်၊ ၃၈လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၂၁၃၇၀

---

### ဒေါ်မြင့်မြင့်ရီ(ကွယ်လွန်သူ ဦးတင်ထွန်း ၁၂/ပဘတ(နိုင်) ၀၁၇၇၀၁ ၏ဇနီး) ဆရက်မာမက် ၁၂/မဂတ(နိုင်)၀၆၆၈၅၄နှင့် အပ်ဒွယ်ရဟူမန်(ခ)ဘိုးစိန် ၁၂/ပဇတ(နိုင်)၀၂၈၄၆၉ တို့ သိစေရန်

ကွယ်လွန်သူ ဦးတင်ထွန်းအမည်ပေါက်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/E)၊ မြေကွက်အမှတ်၊ ပဋ္ဌမတန်းစား ၅၉၉၊ ဧရိယာ ၀ဒသမ ၀၄၃ ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးတင်ထွန်းထံမှ အဆင့်ဆင့် ဝယ်ယူခဲ့ရာ ယခုအခါ နောက်ဆုံးဝယ်ယူသူ ဦးသန်းမောင် ၁၂/ မဂတ(နိုင်)၀၆၇၁၇၄ အား မြေအရောင်း အဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထက်ခေါင်းစဉ်ပါ လူကြီးများကို အကြောင်းကြားသိစေအပ်ပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးသန်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးလွင်(မိုးဟိန်းကျော်)LL.B.(Advocate)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၆၁၆၄/၉၅
အမှတ် (၁၀/၁၂)၊ ပထမထပ်၊ အခန်း ၁၀၄F
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးထွန်းအောင်ကျော်(ဗိုလ်မှူး-ငြိမ်း)
### စစ်တွေ
### အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အမှတ်(၃/၁)၊ ပြည်တော်သာရပ်ကွက်နေ (ဒေါ်ဦးရွှေကျော့)၏ခင်ပွန်း၊ (ဦးကျော်သန်းဦး)၊ ဦးကျော်ဇေယျ-ဒေါ်ကြူကြူဝင်း၊ ဦးကျော်ကျော်စိုး-ဒေါ်စန္ဒာခိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်သီဟထွဋ်၊ မပန်းမဥ္စူစိုး၊ မဇင်ဇင်ထက် တို့၏ အဘိုးရှင်၊ မောင်ဗွဲစစ်မှူးပိုင်၏ဘေး ဦးထွန်းအောင်ကျော်(ဗိုလ်မှူး-ငြိမ်း)သည် ၂-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီ တွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## Saw Benjamin ဦးလွမ်းဆွေ
### လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### အသက်(၈၈)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်ဆွေ၏ ဖခင် Saw Benjamin ဦးလွမ်းဆွေ (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန) အသက်(၈၈)နှစ်သည် ၂-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၂:၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးလှတိုး(ကထိက-ငြိမ်း)
### ရန်ကုန်တက္ကသိုလ်၊ စစ်တက္ကသိုလ်
### အသက်(၈၆)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဗိုလ်ကြီး ညီညီထွန်း(ငြိမ်း)-ဒေါ်နိုင်နိုင်ဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးလှတိုးသည် ၂-၁-၂၀၂၂ရက်နံနက် ၇:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂၂)မှသူငယ်ချင်းများ

---

### ဘိုးဘပိုင်၊ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ဇရစ်/ခုံဝင်းဒပ်ရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ အကွက်အမည်-ခုံဝင်းတပ်၊ ဦးပိုင်အမှတ်(၃.ဍ)၊ ဧရိယာ ၀ ဒသမ ၀၇၁ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | |
|---|---|
| (က) အရှေ့လားသော် | - ဦးပိုင်အမှတ်(၄.င)၊ (၄.ဃ)၊ (၇) |
| (ခ) အနောက်လားသော် | - ဦးပိုင်အမှတ်(၃.ဈ) |
| (ဂ) တောင်လားသော် | - ဦးပိုင်အမှတ်(၃.ည) |
| (ဃ) မြောက်လားသော် | - အာဇာနည်လမ်း |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးကျော်ထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်-

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့် ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ထားဝယ်မြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/78120 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင် ၁၂/လကန(နိုင်)၂၄၆၄၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

---

### ကန့်ကွက်နိုင်ပါကြောင်း

မိုးကောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၁၃)၊ ဦးပိုင်အမှတ်(၆ ± ၈)၊ ဧရိယာ ၀ ဒသမ ၂၂၀ဧကမြေကွက် အမည်ပေါက်သူ ဦးရန်ချိန်ဟိုင်း အမည်မှ ဦးကျော်နိုင်ဝင်း ၁/မမန(နိုင်) ၀၇၁၈၈၈ အမည်သို့ အမည်ပြောင်း စက်မှုစီးပွား မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဦးကျော်နိုင်ဝင်း

---

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် (၁)ဦးကျော်ခိုင်စိုး (BTHS-008564) ၁၂/လမန(နိုင်)၀၁၇၂၇၃၊ (၂)ဒေါ်ယုယုထွန်း(HGU-111170) ၁၂/အစန(နိုင်) ၀၂၇၃၈၅ အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၇၉၆)၊ အကျယ်အဝန်း ပေ (၄၀ x ၆၀)ရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်းအကျယ်အဝန်း ပေ (၂၀ x ၆၀)ရှိ ဂရန်မူရင်း ခြမ်းမြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်ဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးသိန်းထက် ၁၂/သဃက(နိုင်)၀၁၁၀၄၉က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးရန်ပိုင်စိုး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၁)
အမှတ်(၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅

---

## (၅)လပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကောင်းထွဋ်(Country Director of Master Card Company) အမှတ်(၃၃၁)၊ အခန်း(၄/ခ)၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အလုံမြို့နယ်သည် မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂-၁-၂၀၂၂ရက်တွင် (၅) လပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ ပြုသမျှကုသိုလ် ကောင်းမှု အစုစုကို မြင့်မြတ်သော ဘုံဘဝမှ သာခု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု
မိခင်-ဒေါ်စန္ဒာခင်(USA)
အစ်ကို-ဦးထက်လင်း(Japan)

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Saw Benjamin ဦးလွမ်းဆွေ
### လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ပျဉ်းမကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာနေ (ဦးဘိုးငယ်-ဒေါ်အာနား) တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်နေ နော်ထရေဇီ(လယ်/ပြ-ငြိမ်း၊ အထက-၃၊ အင်းစိန်)၏ ချစ်လှစွာသောခင်ပွန်း၊ (Sebastian ဦးစိုးမင်းဆွေ)၊ Rose Mary ဒေါ်မြင့်မြင့်ကြည်ဆွေ၊ Margaret Mary ဒေါ်ကြည်ကြည်ခင်ဆွေ၊ ဦးမျိုးလွင်-Mary Madolene ဒေါ်မိုးမြင့်ဆွေ၊ Jude ဦးစိုးသူဆွေ-(ဒေါ်မြတ်မြတ်မော်)တို့၏ဖခင်၊ Victoria ခင်ဆုရည်၊ Francisco မင်းခန့်ကျော်၊ William ဝီရလရောင်တို့၏ အဘိုး Saw Benjamin ဦးလွမ်းဆွေသည် ၂-၁-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၂:၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၁-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၉:၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြင့် ၈/ဂဂန(နိုင်)၀၂၀၂၃၉ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သိပ္ပံလမ်း၊ (၅၇x၅၈)လမ်းကြားတွင် ဖွင့်လှစ်ထားသော မန်းမေတ္တာ Trading Co.,Ltd ၏ မန်နေဂျင်း ဒါရိုက်တာဒေါ်အေးကြည်စမ်း(ဘ)ဦးထွန်းအောင် ၉/အမဇ(ဧည့်)၀၀၀၀၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် နေထိုင်သူ ယောရွှေပြည်ကားဂိတ်ပိုင်ရှင် ဦးအောင်မြင့်သည် ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီဖြစ်သော မန်းမေတ္တာ Trading Co.,Ltd မှ DongFeng ကားအမျိုးအစား အပြာ/အဖြူရောင်၊ မီနီဘတ်စ်ကားများဖြစ်ကြသော ယာဉ်အမှတ်(1P/3552, 1P/3556, 1P/3559၊ 1P/3563)ကားများအား ငှားရမ်းအသုံးပြုခဲ့ပြီး ငှားရမ်းခငွေများအား ပေးသွင်းခြင်းမရှိသည့်အပြင် ကားများအားလည်း ကုမ္ပဏီသို့ ပြန်လည်အပ်နှံပေးခြင်းမရှိသည့်အတွက် ၂၀-၃-၂၀၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ရာဇဝတ်ကြီးမှုအမှတ် ၄၉၆/၂၀၁၉၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ ဖြင့် တရားစွဲဆိုထားပြီး အဆိုပါကားများအား ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြထားသော်လည်း ဦးအောင်မြင့်မှ ရုံးတော်ရှေ့သို့ ယနေ့အချိန် ထိ လာရောက်အပ်နှံခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ အထက်ပါယာဉ်အမှတ် (1P/3552, 1P/3556, 1P/3559၊ 1P/3563) ကားများနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းရယူရန် ဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် လက်ဝယ်ထားရှိသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လင်းသီရိကျော် (LL.B) ဒေါ်နွယ်နွယ်သန်း(LL.B)
တရားလွှတ်တော်ရှေ့နေများ
အကွက်(၈၅၂)၊ ချမ်း/တောင်ရပ်၊ စလေကျောင်းတိုက်အနီး
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၅၀၄၁၁၃၉၊ ၀၉-၄၃၁၇၁၂၅၃

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6089, SUZUKI CARRY DA 63T, Pick up (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှမင်းသူ ၉/အမဇ(နိုင်)၀၄၃၇၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ပုဇွန်တောင်မြို့နယ်၊(၇)ရပ်ကွက်၊ဦးရွှေဂွန်းလမ်း၊ အမှတ်(၃၂)၊ ဒုတိယထပ်(ဝဲဘက်အခန်း)တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုကျွန်ုပ်၏အမှုသည်များက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို၊ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့်ယနေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှငွေး၊LL.B
အထက်တန်းရှေ့နေ(စဉ်-၅၂၈၆၆)
အမှတ်(၁၈၉/၁၉၅)၊(၇-လွှာ)၊ပန်းဆိုးတန်းအော့ဖစ်(စ်)တာဝါ၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
၀၉-၅၀၈၉၉၇၅။

---

### အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၁၀)၊ မြတောင်နေ ဦးလှမိုးမြင့် ၅/ရဘန(နိုင်)၀၀၂၄၁၄ ပိုင်ဆိုင်သော ယာဉ်အမှတ် 3B/9484 TOYOTA ဒိုင်နာ ယာဉ်အား ရောင်းချပြီးဖြစ်ပါကြောင်း။

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/68759 Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၇/ပခန(နိုင်)၁၄၃၁၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခြေခံပညာကျောင်းများတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၂**

ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။

အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ကျောင်းများအလိုက် အသင်းအဖွဲ့များစုဖွဲ့ကာ ဘော်လီဘော၊ မုန့်ကိုက်၊ ဂုန်နီအိတ်စွပ်ပြေးပြိုင်ပွဲ၊ အာလူးကောက်၊ သံပုံးရိုက်၊ စကောရွက်၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပွဲနှင့် အခြားအားကစားပွဲများကို ယှဉ်ပြိုင်ကျင်းပခဲ့ကြပြီး အားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့် ကလေးများ၏ ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး အသင်းအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိနိုင်ရန်၊ ငယ်စဉ်ကတည်းက အားကစားကို စိတ်ပါဝင်စားခြင်းဖြင့် ကျောင်းနေပျော်ပြီး ထူးချွန်သည့် မျိုးဆက်သစ်လူငယ်အားကစားသမားများပေါ်ထွန်းပြီး အထောက်အကူပြုနိုင်ရန် နေ့ထူးနေ့မြတ်များတွင် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**





## လွိုင်မွေဒေသ၌ ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ချယ်ရီပန်းပွဲတော် (၂၀၂၂) ကျင်းပမည်

**ကျိုင်းတုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ချယ်ရီပန်းပွဲတော် (၂၀၂၂) ကို ဇန်နဝါရီလ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၅* ❄

## သာကေတမြို့နယ် (၇/အရှေ့)ရပ်ကွက်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲ

**နေပြည်တော် ဇန်နဝါရီ ၂**

PDFအမည်ခံအကြမ်းဖက်သမားများအနေဖြင့် အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော စာသင်ကျောင်းများကို မိုင်းထောင် ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲပြီး ၁ လုံး တွေ့ရှိမှု။

**ယနေ့ သ တင်း အ ညွှန်း**

- ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များနှင့် ဆေးရုံနားနေဆောင် တစ်လုံးတို့ကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး ပြည်တွင်းသတင်း စာ - ၁၁
- လေယာဉ်ခရီးစဉ်ပေါင်း ၂၆၀၀ ကျော်ကို ဖျက်သိမ်းလိုက်ရသည့်အတွက် အမေရိကန်လေဆိပ်များတွင် ဖရိုဖရဲဖြစ် နိုင်ငံတကာသတင်း စာ - ၁၃